


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# သစ္စာမသိတာ
# ငရဲထက်ကြောက်စရာကောင်းသည်

(၂၄၂)

ဟောကြားသည့်နေ့
၁ - ၇ - ၁၉၆၁

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့တွင်ဟောကြားတော်မူသောတရားတော်

# သစ္စာမသိတာ ရေထက်ကြောက်စရာကောင်းသည်

ဟောကြားသည့်နေ့

( ၁. ၇. ၁၉၆၁ )

စာမူခွင့်ပြုချက်အမှတ် - ၄၂၈/၉၉(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-
ပုံနှိပ်ခြင်း -
အုပ်ရေ -

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဒေါ်သင်းသင်းကြိုင်(မြ-၀၃၉၄၅)
ဆန်းမြသီဂီပုံနှိပ်တိုက်
အမှတ် (၁၉၉)၊ (၅၁)လမ်း၊
ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၂၉၁၄၂၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့တွင်ဟောကြားတော်မူသောတရားတော်

# သစ္စာမသိတာ
# ငရဲထက် ကြောက်စရာ ကောင်းသည်

ဟောကြားသည့်နေ့ ( ၁. ၇. ၁၉၆၁ )

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ရဟန်းတွေကို တရားဟောတယ်။

## မဟာပရိဠာဟငရဲကြီး

ငရဲအကြောင်း ဟောစမ်းပါရစေကွာ ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကပြောတယ်။ မဟာပရိဠာဟ ငရဲ

ကြီးဆိုတာ ရှိတယ်ကွာ။ မဟာပရိဋ္ဌာဟ ငရဲကြီးဆိုတာရှိတယ် ကွာ။ မဟာက(ကြီးတာ) ပရိဋ္ဌာဟဆိုတာ (ပူပန်တာ). . . (မှန်ပါ့ဘုရား)။

ငရဲဆိုတာ၊ ပဋိစ္စသမုပ္ပာဒ်မပြတ်တဲ့ပုဂ္ဂိုလ်တို့၏ သွားရာခရီးလို့မှတ်လိုက်တာပေါ့။

မဟာက ကြီးစွာ၊ ပရိဋ္ဌာဟက ပူပန်တာ၊ ငရဲဆိုတာ ကတော့ဖြင့် ကိုယ့်သန္တာန်မှာရှိတဲ့ ပဋိစ္စသမုပ္ပာဒ် မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်တို့၏ သွားရာဌာနလို့ ဦးဘရှင်းတို့ မောင်နိုင်တို့ မှတ်ရမယ်၊ ငရဲဆိုတာနော်။

## ငရဲရောက်ပြီဆိုမှဖြင့်

အဲဒီလို ပြောတာက ငါသေသေချာချာ ရှင်းပြမယ် ကွာ။ မင်းတို့သေသေချာချာ မှတ်ကြစမ်းပါတဲ့။ ငရဲရောက် သွားပြီ ဆိုမှဖြင့် ဟိုမှာမြင်ရတာ ကြည့်ရလို့ရှိရင် ရောက် ရောက်ချင်း ငရဲသားတွေ ငရဲမီးကြည့်လိုက်လို့ရှိရင် ကြည့် လိုက်သည်နှင့် တစ်ပြိုင်နက်တည်း မျက်လုံးဟာ ကန်းထွက် သွားတယ် ဘယ်လောက်ထိအောင် ငရဲမီးပြင်းထန်တယ် ဆိုတာ မောင်နိုင် ပြောဖို့မလိုတော့ဘူး. . . (မှန်လှပါဘုရား)။

## ငရဲသားတွေအော်သံ

အဲဒီမှာကြားရတဲ့ ငရဲသားတွေ အော်တဲ့အသံကြီး

တွေကို ရောက်စ လူကကြားလို့ရှိရင် နားကန်းသွားတယ်။ ဘယ်လောက် ကြီးကျယ်တဲ့ ငရဲလဲဆိုတာဖြင့် ပြောဖို့ ဒကာ ဒကာမတွေလိုသေးရဲ့လား. . . (မလိုပါဘူးဘုရား)၊ အလွန် ကြီးကျယ်တယ်ဆိုတာဖြင့် သဘောပါကြပလား. . . (ပါပါပြီ ဘုရား)။

အဲဒီငရဲမှာ ရှိတဲ့ အညစ်အကြေးတွေက နံတဲ့ဥစ္စာဖြင့် နှာခေါင်းတွေ ဘာတွေ အကုန်ပြုတ်သွားတယ်။ ဒါရောက်စ ပုဂ္ဂိုလ်မှာ- ဘယ်လောက်ဆိုးတဲ့အနံ့လဲဆိုတော့ နှာခေါင်းတွေ ဟာ ပြုတ်ထွက်သွားတယ်၊ ဒကာ-ဒကာမတို့ ဤမျှလောက် ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ် ပါပြီဘုရား)။

## သံရေပူတွေထွက်လာတယ်

ငရဲမှာရှိတဲ့ အစာတွေ စားလိုက်လို့ရှိရင်လဲ ဒကာ ဒကာမတို့ လျှာတွေ ဘာတွေ ပူလောင်ပြီးသကာလ အူတွေ ထဲကနေပြီး ကျင်ကြီးကျင်ငယ်တွေဟာ သံရေပူတွေ ထွက်လာ တယ်။ မောင်နိုင် တခြားဘာမှနည်းယူစရာ မကောင်းပါဘူး . . . (တင်ပါ့ဘုရား)။

တစ်ခါတွေ့ရတဲ့ အတွေ့တွေက ကိုယ်နဲ့ တွေ့ရလို့ ရှိရင်လဲ အို- အနိစ္စ မကောင်းတာတွေချည့်ပဲ၊ သူထိမယ် ဆိုလို့ ရှိရင် ဒီရုပ်နဲ့ထိရင် အဲဒီအသားတွေဟာ လောင်ကုန်တာပဲ။

တစ်ဖန်ငရဲမှာရှိတဲ့ ကြဲလုံး၊ ဖန်လုံးတွေဆိုရင်လဲ ဒီငရဲဟာ ကြောက်စရာကောင်းပါလားဆိုတဲ့ ကြဲလုံး၊ ဖန်လုံးတွေ ဝမ်းထဲပေါ်လာလို့ရှိရင် အဲဒီကြဲလုံး ဖန်လုံးစိတ်က ကိုယ့်ကိုယ် လောင်ပြန်တာပဲ။ ဦးဘရှင်း အဲဒီတော့ဖြင့် တစ်ခုမှ အကောင်းမပါပါဘူး. . . (မပါပါဘုရား)။

## ရဟန်းတစ်ပါးကလျှောက်တယ်

အဲဒီလို ဘုရားက ဤမျှလောက် ကြောက်စရာကောင်းတာပဲဆိုတော့ ရဟန်းတစ်ပါးက ထလျှောက်တယ်။ အရှင်ဘုရားတဲ့ မဟာပရိဠာဟ ငရဲကြီးဆိုတာ ဒီထက်ကြောက်စရာကောင်းတာတော့ ရှိမယ် မထင်ပါဘူး ဆိုပြီး သကာလ သူလဲစကားကုန်ပဲ လျှောက်လိုက်ပါတယ်. . . (မှန်လှပါဘုရား)။

## ငရဲကလွတ်ရေးကျွတ်ရေးရှိသေးတယ်

လျှောက်တဲ့အခါကျတော့ ရဟန်းတဲ့။ ဒါဟာ လွတ်ရေး ကျွတ်ရေး ရှိသေးတယ်တဲ့။ ငရဲသက်ကုန်တော့ လွတ်ရေး ကျွတ်ရေး ရှိသေးတယ်တဲ့။ မင်းတို့ သစ္စာ မသိတဲ့ ပုဂ္ဂိုလ်ကျတော့ လွတ်ရေးကျွတ်ရေး မရှိဘူးတဲ့. . . (မှန်ပါ့ဘုရား)။

ငရဲက လွတ်ရေး ကျွတ်ရေးရှိသေးတယ်။ ဒကာ-ဒကာမတို့. . . (မှန်ပါ့ဘုရား)။ ဒီထက်ကြောက်စရာကောင်းတာက သစ္စာမသိတာ မှတ်လိုက်ဆိုပြီး သေသေချာချာ ဟောရှာတယ်။ ဒကာဒကာမတို့. . . (မှန်ပါ့ဘုရား)။

## သစ္စာမသိတာကပိုကြောက်စရာကောင်းတယ်

ငရဲကြီး ကြောက်စရာ ကောင်းတာဟာလဲအခုန ပြောခဲ့သလို ဒကာဒကာမတို့ သိကြပါပြီ. . . (မှန်ပါ့)၊ သို့သော် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဲဒါ ကြောက်စရာ ကောင်းတာထက် မင်းတို့သစ္စာမသိတာ ပိုကြောက်စရာ ကောင်းတယ်တဲ့. . . (မှန်ပါ့)။ ငရဲမျိုးကို သစ္စာမသိတဲ့ ပုဂ္ဂိုလ်က တည်ထောင်တာကွ. . . (မှန်ပါ့)၊ ကိုင်း- ကိုဝ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။ ဘယ်သူ တည်ထောင်တာလဲ. . . (သစ္စာမသိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

သစ္စာမသိတဲ့ ဒကာ-ဒကာမတွေ စိတ္တဇက တည်ထောင်တာဆိုတော့ ဩော်. . . ငရဲ ဘယ်သူလုပ်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ဖြင့် အလိုလိုပဲ ဖြစ်နေတာလားဆိုတော့ သစ္စာမသိတဲ့ပုဂ္ဂိုလ်ကလုပ်တာ၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ဘယ်သူကလုပ်တာလဲ. . . (သစ္စာမသိတဲ့ ပုဂ္ဂိုလ်က လုပ်တာပါဘုရား)။

## အမှန်ဆုံးသတိပေးတဲ့တရား

ကိုင်း- အားလုံး ဒကာ ဒကာမတွေ ဆွေမျိုးတော်ခဲ့တာတွေ ဖြစ်နေလို့ အမှန်ဆုံး သတိပေးတဲ့ တရားလို့ ကိုပေါ်တို့၊ ကိုဝတို့ မှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ့)။

ကိုင်း- ဒကာ ဒကာမတွေ ဒီငရဲကြီးဟာ အင်မတန်ကြောက်စရာကောင်းတာ မြင်လိုက်လို့ရှိရင် မြင်တဲ့လူဟာ မျက်လုံးကန်းသွားတယ်။ ကြားလိုက်ပြန်လို့ရှိရင် နားတွေဟာ ကန်းသွားတယ်ဆိုတော့ ဘာမှ အထိမခံ ရွှေပန်းကန် ဖြစ်ပြီး သကာလ ပျက်စီးခြင်းသာ ကျေးဇူးပြုတာ မောင်နိုင်တို့၊ ဦးဘရှင်းတို့ သိပါပြီ. . . (သိပါပြီဘုရား)။

## သစ္စာမသိတာ ဒီထက်ဆိုးတယ်

အဲဒီတော့ ဒီထက်ကြောက်စရာ ကောင်းတာများ ရှိသေးသလားလို့, ရဟန်းတစ်ပါးက ထလျှောက်တော့ အို. . . ဒါ မဖြစ်လောက်ပါဘူးကွ၊ ဒါက လွတ်ရေးကျွတ်ရေး ရှိသေးသကွ၊ မင်းတို့ ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ ခန္ဓာကို သစ္စာလို့ မသိလိုက်တာက ဒီထက်ဆိုးပါသကွာတဲ့။

ဒီငရဲကို သစ္စာမသိတဲ့ ပုဂ္ဂိုလ်က တည်ထောင်တာပါဆိုတော့ ကမ်းကုန်ရောပေါ့. . . (မှန်ပါ့ဘုရား)၊ ဒကာကြီးလှိုင် ပေါ်ပလားဗျ. . . (ပေါ်ပါပြီဘုရား)၊ နောက်က ဒကာဒကာမတွေရော. . . (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဆရာဘုန်းကြီးက သယ်ယူပို့ဆောင်ပြီး သင်္ကာလ ဒါတွေနဲ့ ဝေးအောင် သစ္စာသိပြီးလို့ ရှိရင်ဖြင့် သစ္စဉာဏ်နဲ့သိသိ၊ ကိစ္စဉာဏ်နဲ့သိပြီး ကတဉာဏ်နဲ့ ပြီးသွားလို့ ရှိရင်ဖြင့် ဒီငရဲတွေကို စိတ်ပဋိစ္စသမုပ္ပါဒ်ကလဲ တည်ထောင်နိုင်သေးရဲ့လား. . . . (မတည်ထောင်နိုင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကလဲ တည်ထောင်နိုင်သေးရဲ့လား၊ သူ့ကို မဂ်က ဖြတ်သွားတယ်. . . (မှန်ပါ့ဘုရား)၊ မဂ်ကဖြတ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် တန်းနိုင်သေးရဲ့လား. . . (မတန်းနိုင်ပါဘုရား)၊ မတန်းနိုင်တော့ တန်းမှသာလျှင် သူက **ကမ္မဘဝပစ္စယာ ဇာတိ** ဆိုပြီး ဇာတိဆိုတဲ့ ငရဲကိုယ်ကြီးကို ဒီကံကပဲ တည်ထောင်လိုက်တယ်. . . (မှန်ပါ့)၊ ကံနဲ့တည်ထောင်ပြီး သင်္ကာလ အဲဒီနေရာ ရောက်အောင် ဇာတိ ပဋိသန္ဓေအဖြစ်နဲ့ ပို့လိုက်ပါတယ်. . . (မှန်ပါ့)၊ ဒါဆိုတော့ ပဋိစ္စသမုပ္ပါဒ် မဖြတ်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်း. . . (မှန်ပါ့ဘုရား)။

## သစ္စာမသိတာ၊ ငရဲထက်ကြောက်စရာ

ဒကာ ဒကာမတွေ လေးလေးစားစား နားထောင်ပါ။ အင်မတန်အရေးကြီးပါတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ အဲဒီတော့ ကိုပေါ်တို့ ကိုဝတို့ ဒီငရဲဟာလဲ အစွမ်းကုန်ကြောက်စရာကောင်းတယ်ဆိုတာ အခုန ပြောခဲ့လို့ ကြားခဲ့ကြပါပြီ. . . (မှန်ပါ့)။

ဒီထက် ကြောက်စရာကောင်းတာ ရှိသေးသလားလို့ မေးတော့ သစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ ပဋိစ္စသမုပ္ပါဒ် တန်းနေတာက ငရဲတည်ထောင်တာကွ. . . (မှန်ပါ့)၊ သစ္စာမသိတော့ ပဋိစ္စသမုပ္ပါဒ်ကြီးတန်းအောင် မလုပ်ပေဘူးလား. . . (လုပ်ပါတယ်)။

## မျက်လုံးကမြင်တယ်ဆိုရင်

ဉပမာမယ်. . . ဒီမျက်လုံးက မြင်တယ်ဆိုရင် ဒကာဒကာမတွေက ကုန်သည်တွေ ဖြစ်နေတော့ လိုချင်တယ်၊ စွဲလမ်းတယ်၊ မရရအောင် ပြောမယ်ဆိုတော့ တဏှာ၊ ဉပါဒါန်၊ ကံတွေ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ လိုချင်တာက တဏှာ၊ စွဲလမ်းတာက. . . (ဉပါဒါန်)၊ မရရအောင် ဝစီကံနှင့်ပြောတာက. . . (ကံပါဘုရား)၊ ကာယကံနဲ့ မလိုချင်တဲ့ပုံနဲ့ လုပ်လိုက်ပြန်တော့လဲ ကမ္မဘဝ ဖြစ်တာပဲ. . . (မှန်ပါ့)၊ ပြောဆိုပြီးသကာလ မရရအောင် လျှာရှည်သွားတဲ့ ဝစီကံကော မပါဘူးလား. . . (ပါပါတယ်ဘုရား)။

အဲဒီကံတွေက ဒကာ ဒကာမတို့ သိတဲ့အတိုင်း ကမ္မဘဝ ပစ္စယာ ဇာတိ ဆိုတော့ ငရဲတည်ထောင်လိုက်ပါတယ် . . . (မှန်ပါ့ဘုရား)။ ဒကာကြီးလှိုင် ပေါ်ပလား. . . (ပေါ်ပါပြီ)၊ ငရဲအလိုလို ဖြစ်တာလား၊ ပဋိစ္စသမုပ္ပါဒ် ကံတွေက ဖြစ်တာလား . . . (ကံပဋိစ္စသမုပ္ပါဒ်က ဖြစ်စေတာပါဘုရား)။

## ငါ့အတွက်ငရဲမှာအဆင်သင့်

ကိုင်း- ဒါဖြင့် ငရဲသွားတဲ့အခါကျတော့ ငါ့အတွက် နေရာများ ရှိသေးသလားလို့ မပြောပါနဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်လို့ရှိရင် ငါ့အတွက်တော့ အဆင်သင့်ဖြစ်ပေ့ါဆိုတဲ့ ဉစ္စာ ဆုံးဖြတ်ချက် ချလိုက်. . . (မှန်ပါဘုရား)၊ လေးလေး စားစား ပြောနေတယ်၊ ဒကာ ဒကာမတွေ ဂရုစိုက်ပြီးတော့ နားထောင်စမ်းပါ။

သစ္စာမသိတဲ့ အဖြစ်ဟာ အခုန ငရဲကြီး ကြောက် စရာ ကောင်းတာက ရောက်တဲ့ပုဂ္ဂိုလ် ငရဲသက်ကုန်တော့ မလွတ်လား. . . (လွတ်ပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ် ဆက်နေတဲ့ ပုဂ္ဂိုလ်၊ ဉာဏ်နဲ့မဖြတ်ဘဲ ဆက်နေတဲ့ပုဂ္ဂိုလ် ဟာ ငရဲမီး ဘယ်လောက်များ ထူထောင်တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ငရဲကိုဘယ်သူတည်ထောင်သတုံး

ဒါဖြင့် ဒကာ ဒကာမတို့ ငရဲ ဘယ်သူဖန်ဆင်းလို့ ဘယ်သူတည်ထောင်ပါလိမ့်မတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် မဖြတ်တဲ့ ပုဂ္ဂိုလ်ကလုပ်တာ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဘယ်သူလုပ်တာပါလိမ့်. . . (ပဋိစ္စသမုပ္ပါဒ် မဖြတ်တဲ့ ပုဂ္ဂိုလ်က လုပ်တာ)။

မျက်လုံးနဲ့ မြင်တယ်၊ လိုချင်တယ်၊ မရရအောင်လုပ်မယ် ဆိုလို့ရှိရင် ကံမမြောက်သေးဘူးလား. . . (မြောက်ပါတယ်ဘုရား)၊ **ကမ္မဘဝ ပစ္စယာ**. . . (ဇာတိပါဘုရား)၊ အဲငရဲအိုး ငရဲထိန်းတွေ အကုန်ပေါ်လာတယ်. . . (မှန်ပါ့)၊ နားပေါက်က ကြားတယ်၊ စိတ်မချမ်းသာဘူး၊ သောကပရိဒေဝဖြစ်တယ် ဆိုလို့ရှိရင် **အဝိဇ္ဇာ သင်္ခါရာ** မလာသေးဘူးလား . . . (မှန်ပါ့) **သင်္ခါရ ပစ္စယာ ဝိညာဏံ** ဆိုလို့ရှိရင် ဇာတိပဲ . . . (မှန်ပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ကလုပ်တာ

အဲဒါ ဘယ်သူကမှ တည်ထောင်တာ မဟုတ်ဘူး၊ မပြတ်တဲ့တရားက တည်ထောင်တာဆိုတော့ အပါယ်ငရဲဟာ ဘယ်သူလုပ်တာတုံး ဆိုတာ ဒီနေ့ တရားပွဲမှာ ဒကာဒကာမတွေ မမေးကြနဲ့တော့၊ ပဋိစ္စသမုပ္ပါဒ် လုပ်တာ. . . (မှန်ပါ)။

ဘယ် ပဋိစ္စသမုပ္ပါဒ်က လုပ်ပါလိမ့်မလဲ ဆိုတော့ ဒကာ ဒကာမတွေ ရှင်းပြတော့ ဒွါရခြောက်ပေါက်က ပဋိစ္စသမုပ္ပါဒ်ကိုက ခြောက်မျိုး မရှိဘူးလား. . . (ရှိပါတယ်)၊ အဲဒီခြောက်မျိုးက တဏှာ ဥပါဒါန် ကံတွေက ဘာတွေ လုပ်ပါလိမ့်မတုံးဆိုတာ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ငရဲတွေ ဖြစ်အောင်လုပ်တယ်. . . (မှန်ပါ့)၊ ငရဲကောင်တွေ ဖြစ်အောင်လုပ်တယ်. . . (လုပ်ပါတယ်)။

## ကိုယ်လုပ်ထားတဲ့ငရဲအိုး

ဘယ်သူက လုပ်တာတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် မပြတ်တော့ကိုး ပဋိစ္စသမုပ္ပာဒ် ကိန်းတဲ့တရားတွေက နေပြီး သကာလ ဟိုမှာအထည်ဖြစ်အောင် သွားလုပ်တာ. . . (မှန်ပါ့)၊ ငရဲအိုးကြီးတွေသွားပြီး တည်ထောင်တာလဲ ဒီကံပဲ . . . (မှန်ပါ့)၊ ငရဲကောင်ကြီး ဖြစ်အောင်ကော. . . (ဒီကံကပါ ဘုရား)၊ အဲ- ဒါဖြင့် ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို မဖြတ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ကိုယ့်ငရဲအိုး ကိုယ်လုပ်ပြီးသကာလ ကိုယ့်ဟာကိုယ် သွားပြီး ခံတာ. . . (မှန်ပါ့ဘုရား)။

## ဘယ်သူကမှလာခဲ့လို့မခေါ်ဘူး

ဘယ်သူကမှ လာခဲ့လို့ ခေါ်တာလို့ ဆိုလို့ရသလား . . . (မရပါဘုရား)၊ ဘယ်သူကမှ လာခဲ့လို့မခေါ်၊ ဘယ်သူကမှ သွားပါလို့ကော. . . (မပြောပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ် တဏှာ ဥပါဒါန် ကံတို့၏ လက်ချက်ပဲဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုပေါ်တို့ ဘယ်သူ့လက်ချက်ပါလိမ့်မလဲ. . . (ဘယ်သူ့လက်ချက်မှ မဟုတ်ပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ် တဏှာ ဥပါဒါန် ကံ တို့၏ လက်ချက်. . . (မှန်ပါ့)၊ ကဲ- ကိုဝတို့ ဘယ်လောက် ဆိုးတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## တဏှာ၊ ဥပါဒါန်၊ ကံ တို့ကတည်ထောင်တာ

အဲဒီတော့ ဒီကံကုန်တော့ကော ငရဲအိုးပျောက်၊ ငရဲကောင်ပျောက်သွားတယ်. . . (မှန်ပါ့)၊ ဒါ ထောက်ကြည့်လိုက်တဲ့ အခါကျတော့ သူတည်ထောင်တာကိုး ဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ် တဏှာ ဥပါဒါန် ကံတို့၏ တည်ထောင်မှုပဲဆိုတာ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒါ ဘယ်လို ပုဂ္ဂိုလ်မှာ ဒီပဋိစ္စသမုပ္ပါဒ်တွေ ဆက်လက်ပြီး ပွားနေပါလိမ့်မတုံး ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတဲ့ တရားတွေကို သစ္စာရယ်လို့ မသိလိုက်တဲ့ ပုဂ္ဂိုလ်မှာ ဆက်ပွားတယ်။

ဒကာ ဒကာမတို့ ဥပမာမယ် မြင်တယ်ဆိုလို့ရှိရင် မြင်တဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခသစ္စာရယ်လို့ သိလိုက်ပြန်တော့လဲ တဏှာ ဥပါဒါန် ကံ က ငရဲတည်ထောင်တာ၊ ငရဲကောင်ဖြစ်ဖို့ လာသေးရဲ့လား. . . (မလာပါဘုရား)၊ အဲ. . . ငရဲမတည်ထောင်ချင်ရင် တို့ ဒါနဲ့ဖြတ်လိုက်လဲ အရသားပဲ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ အဲ- ဒါဖြင့်လဲ သွားချင်လဲ အလွယ်လေး၊ ဖြတ်ချင်လဲ အလွယ်လေးပါ။

## ကုသိုလ်ကတစ်ခါတလေမှလုပ်တာ

ဒါက ဆရာကောင်း သမားကောင်း ကြုံလို့ ဒီအ

ကြောင်း ကောင်းကောင်းသိရတာ. . . (မှန်ပါ့)၊ နို့မို့လို့ရှိရင် ခင်ဗျားတို့ မိဘရိုးရာအတိုင်း သာမည ကုသိုလ်လေးတွေကို အားကိုးနေကြမယ်ဆိုရင် ကုသိုလ်က တစ်ခါတလေမှ လုပ်ကြတာပါ၊ ပဋိစ္စသမုပ္ပါဒ် ဝမ်းထဲက တန်းနေတာက တစ်နေ့အကြိမ်ပေါင်း ဘယ်လောက်လို့ ဆိုကြမလဲ. . . (မရေနိုင်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီ ကံတွေက ဘာတွေ တည်ထောင်ကြမတုံး ဆိုတော့ **ကမ္မဘဝ ပစ္စယာ အပါယ်ဇာတိ** အပါယ်ငရဲအိုး အပါယ်သံရည်ပူတွေကို သူတို့ ကျိုပြီးသကာလ ဒီပုဂ္ဂိုလ်ကို လဲ ဒီကံက ဖြစ်စေပြီး ဒီအိုးထဲ ချတာပဲ ဒီကံဟာ လိုရင်းပဲ။

အဲဒီတော့ ဒီကံ ဘယ်ကလာသလဲဆိုတော့ ဥပါဒါန်က လာတယ်၊ ဥပါဒါန် ဘယ်ကလာသလဲဆိုတော့. . . (တဏှာကလာတယ်)၊ တဏှာ ဘယ်ကလာသလဲဆိုတော့ မြင်မှုကလာတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒုက္ခသစ္စာလို့သိလိုက်စမ်းပါ

အဲဒီတော့ ဒီ ဒကာ ဒကာမတွေ စိတ္တာနုပဿနာ ပေးထားတော့ မြင်တဲ့စိတ်ကလေးကို မြင်သည်နှင့် တစ်ပြိုင်နက်တည်း အဲဒါ ဒုက္ခသစ္စာပါလားလို့ သိလိုက်စမ်းပါ. . . (မှန်ပါ့)၊ သိလိုက်တော့ တဏှာ လာသေးလား. . . (မလာပါဘုရား)၊ ဥပါဒါန်ကကော. . . (မလာပါဘုရား)၊ ဩော်- ဒါဖြင့်

ငရဲဆိုတဲ့ ဥစ္စာကြီး ဖျောက်ချင်လို့ရှိရင်လဲ ဝိပဿနာဉာဏ် မဂ်ဉာဏ်ပဲ ဆိုတာပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ ကျုပ် သေရင် ဘယ်များသွားမယ် ဆိုတာ ကျုပ် မသိဘူးလို့ ကိုပေါ်၊ ကိုဝ မယူနဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိ. . . (မှန်ပါ့ဘုရား)၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို. . . (ကိုယ်သိရမယ်ဘုရား)။

ငါဖြင့်ဟော့ မြင်လိုက်တာနဲ့ လိုချင်ပြီဟ. . . (မှန်ပါ့)၊ တဏှာလာပြီ လိုချင်တာမှ နည်းနည်းလိုချင်တာ မဟုတ်ဘူး၊ စွဲစွဲလမ်းလမ်းပဲဟော့ မရမနေ လိုချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် လာပြီ၊ ဥပါဒါန် မလာသေးဘူးလား. . . (လာပါတယ်)၊ မရရအောင် အားထုတ်လိုက်တဲ့အခါကျတော့ ဘာတွေလာမလဲ . . . (ကံလာပါမယ်ဘုရား)။

ကံရလို့ရှိရင် ဒီဘဝကံ မြောက်လို့ရှိရင်ဖြင့် သေသည်၏ အခြားမဲ့၌ ငရဲတည်းဟူသော အိုးတွေခွက်တွေလဲ ဒီကတည်ထောင်တယ်. . . (မှန်ပါ့)၊ အဲဒီ အိုးတွေ ခွက်တွေ ထဲကျဖို့ ဇာတိ ပဋိသန္ဓေ ခန္ဓာပေါ်ဖို့လဲ ဘယ်သူက တည်ထောင်ပါလိမ့်. . . (ကံက တည်ထောင်တာပါ)၊ အဲဒါဖြင့် ဘယ်သူ ဖန်ဆင်းတာမှ မဟုတ်ပါလား ဆိုတဲ့ သံသယ ဝိစိကိစ္ဆာတွေလဲ ပျောက်ကြပလား. . . (ပျောက်ပါပြီဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## တရားအားထုတ်နေတာဘာလုပ်တာတုံး

ကိုင်း- ဒကာ ဒကာမတို့သည် တရားနာပြီး တရားအားထုတ်နေကြတာ ဘာလုပ်နေကြသတုံးဆိုတော့ အပါယ်တံခါးပိတ်အောင် လုပ်နေကြတာ. . . (မှန်ပါ့)၊ အပါယ်တံခါး သွားပိတ်လို့ ရသလား၊ ဉာဏ်ပေါက်ကနေပြီး ဉာဏ်နဲ့ပိတ်မှ ရသလား. . . (ဉာဏ်ပေါက်ကနေ ဉာဏ်နဲ့ ပိတ်မှရပါတယ် ဘုရား)။

အဲ. . . မြင်စိတ်ကလေး ဖြစ်ပျက်ရှု၊ကြားစိတ်ကလေး ဖြစ်ပျက်ရှု၊ ရှုပြီဆိုမှဖြင့် ခင်ဗျားတို့ ရှေ့တွင်ပဲ တဏှာ ဥပါဒါန် ကံ လိုက်သေးရဲ့လား. . . (မလိုက်ပါဘုရား)၊ အဲဒီတော့ ကိုယ့်အတွက် စိတ်ချရအောင် စိတ္တာနုပဿနာ ကြိုးစားလိုက်မယ်ဆိုရင် မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)၊ နို့မို့လို့ ရှိရင် ခင်ဗျားတို့သည် သံသယ ဝိစိကိစ္ဆာ ရှိနေလိမ့်မယ် နော်. . . (မှန်ပါ့ဘုရား)။

## ငါသေရင်အပါယ်များရောက်ဦးမှာလား

ငါသေရင် အပါယ်များ ရောက်ဦးမှာလား၊ ငါလှူဒါန်း ပေးကမ်းထားတာတွေ နည်းတော့ မနည်းလှဘူး ဆိုတော့ အဲဒါသာ မနည်းတာ၊ ဒွါရ ခြောက်ပေါက်ကနေပြီး တဏှာ ဥပါဒါန် ကံ တွေက လှူဒါန်းပေးကမ်းတာထက် အဆပေါင်း သိန်းသန်းမက များပါတယ်. . . (များပါတယ် ဘုရား)။

အဲဒါဘယ်သူ အသိဆုံးတုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ၊ မိမိ အသိဆုံး. . . (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ဘယ်သူ အသိဆုံးပါလိမ့်. . . (မိမိအသိဆုံးပါဘုရား)၊ မိမိအသိဆုံး ဆိုတာ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ကိုယ့် သန္တာန်ဖြစ်တဲ့ စိတ်အစဉ်တန်းကြီးကို ပဋိစ္စသမုပ္ပါဒ် ခေါ်တာပဲ၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ်မဖြတ်တတ်တာကြောက်

ဒါဖြင့် ငရဲကြောက်စရာ ကောင်းသလား၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်တတ်တာ ကြောက်စရာကောင်းသလား. . . (ပဋိစ္စသမုပ္ပါဒ် မဖြတ်တတ်တာ ကြောက်စရာကောင်းပါတယ်ဘုရား)၊ ပေါ်ပြီ ဒကာ ဒကာမတို့၊ နောက် ဒကာ ဒကာမတို့ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာကြီးလှိုင် လက်သည်ပေါ်ပြီဗျ။ အဘိဓမ္မာနည်းနဲ့ သေသေချာချာ ပြောတော့မှ ဒကာ ဒကာမတို့ အပါယ်မကြောက်ပါနဲ့၊ အခုနက ငရဲကြီး မကြောက်ပါနဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်တတ်မှာ ကြောက်ပါ. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဘာကြောက်ကြမယ်. . . (ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်တတ်မှာ ကြောက်ကြရပါတယ်)၊ ဖြတ်တတ်လို့ ရှိရင်

တော့ ဖြတ်တာ ဘာနဲ့ဖြတ်ရမလဲ မေးတော့ မြင်စိတ် ကလေး ကြည့်တော့ မြင်စိတ်က ဖြစ်ပြီး ပျက်နေတဲ့ **ဝိပရိဏာမ လက္ခဏာ ဒုက္ခသစ္စာ** ဆိုတော့ ကြည့်လိုက်တာ လေးက ဉာဏ်ဖြစ်သွားတော့ အင်း- ကိစ္စဉာဏ် သစ္စာကိုလဲ သိတယ်၊ ဖြစ်ပျက် ကိစ္စကိုလဲ သိတော့ ကိစ္စဉာဏ်နဲ့ ဖြတ်လိုက်လဲ ရတာပါပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာသိတဲ့ ဉာဏ်မှ အပါယ်လေးပါး တံခါး ပိတ်တယ်. . . (မှန်ပါ့ဘုရား)၊ ကိုဝ ရှင်းပြီနော်. . . (ရှင်းပါ ပြီ)၊ ကိုပေါ် ဘယ့်နှယ်တုံး. . . (ရှင်းပါတယ်ဘုရား)။

## အပါယ်တံခါးဘယ်သူဖွင့်သတုံး

သစ္စာမသိတဲ့ ဉာဏ်ဖြင့် ဒကာ ဒကာမတို့ အပါယ် လေးပါးတံခါးကို ဘယ်သူက သွားဖွင့်သတုံးလို့ မေးလို့ ရှိရင် ဘယ်သူကမှ သွားမဖွင့်ဘူး၊ ကိုယ့်ကံက ဖွင့်ပေး တယ်. . . (မှန်ပါ့)၊ ဖွင့်တယ်ဆိုတော့ ခင်ဗျားတို့က လောကီမှာ တစ်မျိုးသုံးထားလို့ ဘုန်းကြီးများက အပြောရ နည်းနည်းခက်တယ်။

အပါယ်က မင်းအတွက် ဟင်းလင်းပွင့်နေတယ် ဆိုတာ ဒီလိုမဟုတ်ပါဘူး၊ ဘယ်လိုမှ ဟုတ်ပါလိမ့်ဆိုတော့ ဒီက ကံက နေပြီးသကာလ ဟိုမှာ အပါယ်တံခါးကိုလဲ သူကပဲ လက်သမားလုပ်ပြီး ထားတာ၊ သူကပဲ ဖွင့်ပေးတာ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ငရဲတွေကောဘယ်သူလုပ်တာလဲ

အပြင် ငရဲတွေကော ဘယ်သူလုပ်တာလဲ ဒီကံကပဲ လုပ်တာ၊ ဒကာ ဒကာမတို့ မင်းအတွက် တံခါး ပွင့်နေတယ် ဆိုတော့ အလိုလိုပွင့်နေတဲ့ သဘောမျိုး မဟုတ်ပါဘူး၊ ကိုယ့် ကံက ဖွင့်ပေးတဲ့ သဘောကို ယူပါ. . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)၊ ဘယ်သူကဖွင့်ပေးတာလဲ. . . (ကိုယ့်ကံက ဖွင့် ပေးတာပါဘုရား)။

ကိုယ့်ကံကိုက ဒီတံခါး လုပ်ပြီးသကာလ ဒီငရဲတည် ထောင်တယ်၊ သဘောကျပလား. . . (ကျပါပြီ)၊ ရှေးထုံးက တစ်မျိုးဖြစ်နေလို့သာ ဆိုတာကော ကိုပေါ်၊ ကိုဝ ကျေနပ်ပ လား . . . (ကျေနပ်ပါပြီဘုရား)။

## ကိုယ့်ကံကတည်ဆောက်ပြီးလုပ်တယ်

မင်းကွာ အပါယ်လေးပါး တံခါးကြီး မင်းအတွက် ပွင့် နေတယ်ဆိုတာ ငရဲကအဆင်သင့် စောင့်နေတယ်ဆိုတဲ့ အဓိပ္ပါယ် မဟုတ်ပါဘူးတဲ့၊ ကိုယ့်ကံက ကိုယ်ရောက်တဲ့အခါ ကျလို့ရှိရင်ဖြင့် ကိုယ့်ကံက တည်ဆောက်ပြီး ကိုယ့်ကံက အဆင်သင့်လုပ်တယ်လို့ ဆုံးဖြတ်ချက် ချပါ၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ကံကိုဘယ်သူလုပ်သတုံး

ဒါဖြင့် ဘယ့်နှယ်ကြောင့် ဒီကံရအောင် ဒကာဒကာမတွေက ဘာအဖြစ်လုပ်သလဲ မေးတော့ ဥပါဒါန်ကြောင့်. . . (မှန်ပါ့)၊ နောက်ဆုတ်တွေးလိုက်စမ်း ကံကိုဘယ်သူလုပ်သတုံး . . . (ဥပါဒါန်က လုပ်ပါတယ်)၊ ဥပါဒါန်က ဘယ်သူကလုပ်သတုံး. . . (တဏှာက လုပ်ပါတယ်)၊ တဏှာ ဘယ်သူလုပ်ပါလိမ့်မလဲ မေးတဲ့အခါကျတော့ ဝေဒနာကလုပ်တယ် . . . (မှန်ပါ့)၊ ဝေဒနာဘယ်သူလုပ်ပါလိမ့်မလဲဆိုတော့ ဖဿက လုပ်တယ်. . . (မှန်ပါ့)၊ ဖဿ ဘယ်သူလုပ်ပါလိမ့်မလဲ၊ မြင်စိတ်ကလုပ်တယ်သဘောကျပလား . . . (ကျပါပြီဘုရား)။

## မြင်စိတ်ကိုဖြစ်ပျက်ရှု

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ** ဆိုတော့ ကိုဝတို့ ကိုပေါ် တို့ မရှင်းသေးဘူးလား. . . (ရှင်းပါပြီဘုရား)၊ စက္ခုဝိညာဏ်နဲ့ ဖဿနဲ့ ဝေဒနာနဲ့ဟာ တွဲလျက်ချည်း နေတော့ ဒကာ ဒကာမတွေက အဲဒီကနေပြီး လိုချင်တာ မလာအောင် မြင်စိတ်ကို ဖြစ်ပျက်ရှု၊ ဖဿရော၊ ဝေဒနာရော၊ မြင်စိတ်ရော ဖြစ်ပျက်ရှု. . . (မှန်ပါ့)။

ဖြစ်ပျက်ရှုတော့ ဖြစ်ပျက်၊ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါ)၊ ရှုလိုက်တာကလေးက. . . (မဂ္ဂသစ္စာပါဘုရား)၊

မဂ္ဂသစ္စာလေး ဖြစ်လိုက်တော့ မဂ်သည် ကိလေသာဖြတ်တယ်ဆိုတော့ သူ့ နောက်က လာသေးလား. . . (မလာပါ)၊ မလာတော့ ငရဲတည်ထောင်တဲ့ ကံကကောပါသေးသလား. . . (မပါ ပါဘုရား)၊ ငရဲအိုး ငရဲထိန်းတွေ ဖြစ်စေသေးရဲ့လား. . . (မဖြစ်စေတော့ပါဘုရား)၊ အင်း- ဘယ်သူကများ ကန့်ကွက်လို့ ပါလိမ့်မလဲဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)၊ သစ္စာ သိတဲ့ ဉာဏ်က. . . (မှန်ပါ့ဘုရား)။

## သစ္စာသိတဲ့ဉာဏ်

ဖြစ်ပျက်သိတဲ့ဉာဏ်ဟာ သစ္စာသိတဲ့ဉာဏ်ပဲ. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ဖြစ်ပျက်သိတဲ့ဉာဏ်သည် သစ္စာသိတဲ့ဉာဏ်ပဲ။

ကြည့်လေ **သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ** လို့ ရ ထားတဲ့ ပုဂ္ဂိုလ်တွေပဲဆိုတော့ မြင်စိတ်ကလေးရလဲ ခန္ဓာထဲက ဝိညာဏက္ခန္ဓာပဲ မဟုတ်လား. . . (ဟုတ်ပါတယ်)၊ အဲဒါက ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒါကြောင့် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ သံသယ မရှိဘဲနဲ့ သိအောင် လုပ်ပစ်လိုက်. . . (မှန်ပါ့)။

## နိဗ္ဗာန်အရောက်ပို့တယ်

ဖြစ်ပျက်ဟာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ သိတာက. . . (မဂ္ဂသစ္စာ)၊ မဂ္ဂသစ္စာကနေပြီးသကာလ အပါယ် တည်ဆောက်သေးရဲ့လား. . . (မတည်ဆောက်ပါဘုရား)၊ **ကောယနောတိ မဂ္ဂေါ**၊ မဂ္ဂေါ- မင်းတို့သိတဲ့မဂ်သည် ကောယနော- တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်အရောက်ပို့လိုက်၏ ဆိုတော့ အပါယ်သွားသေးရဲ့လား. . . (မသွားပါဘုရား)။

ဩော်. . . သွားချင်လဲ ကိုယ့် ပဋိစ္စသမုပ္ပါဒ် ဆက်ကြ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ မသွားချင်လဲ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို မြင်စိတ်ကနေ ဖြတ်လိုက်၊ မပြီးဘူးလား . . . (ပြီးပါတယ်ဘုရား)။

ဒါဖြင့်ခင်ဗျားတို့သည် ကျုပ်တို့တွေမှာဗျာ အကုသိုလ်တွေက မသိခင်တုန်းက မှားထားတာတွေက အများကြီး။ သိပြီး တော့လဲ မတားနိုင်လို့ မှားထားတာတွေက အများကြီး ဆိုပြီး သကာလ ကြောက်မနေနဲ့၊ ယခုအချိန် သစ္စာသိရင် ယခုအခါမှာ သစ္စာသိတဲ့မဂ်သည် "**အကဏှ အသုက္ကကံ**" ဖြစ်ပါတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မမည်း မဖြူတဲ့ကံ

သစ္စာသိတဲ့မဂ်သည်. . . (အကဏှ အသုက္ကကံပါ

ဘုရား)၊ အကဏ္ဍ အသုက္ကကံသည်- မမည်း မဖြူတဲ့ကံ. . . (မှန်ပါ့)၊ ဖြစ်ပျက်သိတဲ့ ဉာဏ်ကလေးဟာလဲ- မမည်း မဖြူတဲ့ ကံ၊ ဉာဏ်၊ သဘောပါပလား. . . (ပါပါပြီဘုရား)၊ အဲဒါက ကံဖြတ်တာပေါ့ ဆိုတော့ သူ့နောက်က ကံလာသေးရဲ့လား . . . (မလာပါဘုရား)၊ ဒါဖြင့် သူ့နောက်ကလာမည့်ကံကိုလဲ ဖြတ်တယ်၊ ရှေ့ကမလိမ္မာတဲ့ မိုက်မဲထားတဲ့ ကံတွေကော . . . (ဖြတ်ပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## ကံဖြတ်တရား အားကိုးရာအစစ်

ဒါဖြင့် ကံဖြတ်တရား. . . (မှန်ပါ့)၊ ကိုဝ ဘာတရား ပါလိမ့်. . . (ကံဖြတ်တရားပါဘုရား)၊ ကံရှိမှသာလျှင် နတ်ပြည် ဇာတိ၊ ဇရာ၊ မရဏ၊ ဒုက္ခသစ္စာရမယ်၊ အကုသိုလ် ကံ ရှိမှသာလျှင် အပါယ်လေးပါး ကျုပ်တို့တည်ထောင် ဖြစ် မှာကိုး. . . (မှန်ပါ့)။

ဒီကံဖြတ်လိုက်တဲ့ ဖြစ်ပျက်သိတဲ့ မဂ်သည် ဒီက ဖြစ်နေတော့ ကိုဝတို့ ကိုပေါ်တို့ ကြောက်စရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့သည် အားကိုးရာ အစစ် ကို ယနေ့ ဘုန်းကြီးက ပေးလိုက်တယ်. . . (မှန်ပါ့)။

ဖြစ်ပျက်သိတဲ့မဂ်သည် အတိတ်ကပါလာတဲ့ ကံတွေ ကိုလဲ ဖြတ်လိုက်တယ်၊ ပစ္စုပ္ပန် လာလတ္တံ့ ဖြစ်မည့်ကံတွေကို

ကော ဖြစ်ခွင့်ပေးသေးလား. . . (မပေးပါဘုရား)၊ ဒါဖြင့်- အတိတ်ကံတွေကိုလဲဖြတ်၊ ပစ္စုပ္ပန်ကံတွေကိုလဲဖြစ်ခွင့် မပေး သောကြောင့် ကံဖြတ်တရား. . . (မှန်ပါ)၊ အတိတ်က ပါလာတဲ့ကံတွေကိုကော. . . (ဖြတ်လိုက်ပါတယ်)၊ သဘော ကျပလား. . . (ကျပါပြီဘုရား)။

ယခုလာမည့် ကံတွေကိုကော လာခွင့်ပေးသလား . . . (မပေးပါဘုရား)၊ မြင်စိတ်ကလေး မြင်စိတ်ရှုလိုက်တဲ့ အခါ **စက္ခုဝိညာဏ် အနိစ္စံ** ဆိုပြီးသကာလ ဒကာ ဒကာမတွေ မြင်စိတ်က ဖြစ်ပျက်- ဒုက္ခသစ္စာ၊ သိတာက- မဂ္ဂသစ္စာ ဆိုတော့ အတိတ်ကံတွေကော ဖြတ်တယ်၊ လာလတ္တံ့သော ကံတွေကော ဖြတ်တယ်။

## ဖြစ်ပျက်မြင်တဲ့မဂ်ကြောင့်

ဒါဖြင့် ဘယ်မှာသာလျှင် နတ်ပြည် ဒုက္ခသစ္စာကော ကျုပ်တို့ ရဖို့လိုသေးလား. . . (မလိုပါဘုရား)၊ အပါယ်ငရဲ တွေကော တည်ထောင်ဖြစ်သေးရဲ့လား. . . (မတည်ထောင် ဖြစ်ပါဘုရား)၊ နတ်ပြည်ကော တည်ထောင်ဖြစ်သေးရဲ့လား . . . (မတည်ထောင်ဖြစ်ပါဘုရား)၊ ဗြဟ္မာ့ပြည်ကော. . . (မတည်ထောင်ဖြစ်ပါဘုရား)၊ အပါယ်လေးပါးကော. . . (မတည်ထောင်ဖြစ်ပါဘုရား)။

အင်း. . . ဘယ်သူ့ကြောင့်ပါလိမ့်မတုံးဆိုတော့ မဂ်ကြောင့်၊ ဖြစ်ပျက်မြင်တဲ့ မဂ်ကြောင့်. . . (မှန်ပါ့)၊ အဲဒီတော့ ဒကာ ဒကာမတွေ ဖြစ်ပျက်မြင်တဲ့ မဂ်သည် ကျုပ်တို့၏ ကယ်မည့်၊ ယူမည့်လူ အချုပ်အခြာပဲ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဒို့ကြောက်စရာမရှိတော့ဘူး

ဖြစ်ပျက်ကိုသိတဲ့ မဂ်သည်. . . (ကယ်မည့် ကူမည့် အချုပ်အခြာပါဘုရား)၊ ဒါဖြင့် ဩော်. . . ဆရာဘုန်းကြီးနဲ့ တွေ၊ ခေါင်းဆောင်ကောင်းနဲ့တွေ၊ ဒကာ ဒကာမတွေကလဲ ကြိုးစားပြီးနာကြတော့ ဩော်. . . တို့ကြောက်စရာ မရှိပါလား၊ **ဒီအလုပ်မလုပ်ဖြစ်မှာတစ်ခုသာ ကြောက်စရာလိုပါလား** ဆိုတော့ မောင်နိုင်သစ္စာသိပလား. . . (သိပါပြီဘုရား)။

ဖြစ်ပျက်က- ဒုက္ခသစ္စာ၊ ဖြစ်ပျက်မှန်းသိတာလေးက . . . (မဂ္ဂသစ္စာပါ)၊ မဂ္ဂသစ္စာလေး ဖြစ်နေပြီးတော့ မဂ္ဂသစ္စာက ဘာဖြစ်သတဲ့လဲ. . . (ကံဖြတ်ပါတယ်)၊ ကုသိုလ်ကံလဲ . . . (ဖြတ်ပါတယ်)၊ အကုသိုလ်ကံလဲ ဖြတ်ပါတယ်. . . (မှန်ပါ့)။

ဖြတ်တဲ့အခါကျလို့ရှိရင်ဖြင့် **ကမ္မဘဝ ပစ္စယာ ဇာတိ** ဆိုတော့ ဘယ်ကံမဆို ဇာတိ လာမှာဖြစ်တော့ ဇာတိ- ဒုက္ခသစ္စာချည့်ပဲ. . . (မှန်ပါ့)၊ ဒီဇာတိတွေ ကိုယ်က ဇာတ်သိမ်း၊

မသိမ်း. . . (သိမ်းပါတယ်ဘုရား)၊ ဘယ်သူကများ သိမ်းပေးပါလိမ့်. . . (မဂ်ကပါဘုရား)၊ ဩော်. . . သစ္စာသိတဲ့မဂ်က . . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခုနပြောတဲ့ ငရဲကြီး ကြောက်စရာကောင်းတာ သိရင် မောင်နိုင် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ဆက်မှာကို ကြောက်ပါ. . . (မှန်ပါ့)၊ ငရဲတွေ ဆက်မှာမို့လို့ပါ. . . (မှန်ပါ့)။

ငရဲတွေ အရင်းကျကျ လက်သည်က ဒီပဋိစ္စသမုပ္ပါဒ်တွေ. . . (မှန်ပါ့)၊ မဖြတ်တတ်တဲ့ ပုဂ္ဂိုလ်တို့၏ ပဋိစ္စသမုပ္ပါဒ် ရှင်းပလား. . . (ရှင်းပါပြီ)၊ ဖြတ်တတ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘာမှ မစိုးရိမ်နဲ့. . . (မှန်ပါ့ဘုရား)။

## သောတာပန်တည်သွားတယ်

'တစ်သံသရာလုံး၊ တစ်သက်လုံး မုဆိုးလုပ်စား တာတောင် သားခုနစ်ယောက် ချွေးမ ခုနစ်ယောက်နဲ့ဟာ ဦးဘရှင်း ဒီမဂ်ဝင်ဖြတ်လိုက်တော့ အကုန်လွတ်မသွားဘူးလား. . . (လွတ်သွားပါတယ်ဘုရား)၊ အကုန်သောတာပန်တည်သွားတယ်။

အဲဒီတော့ အပါယ်လေးပါးထဲမယ် ဘယ်သူ ဝင်ပြီး ဖြတ်လိုက်ပါလိမ့်. . . (မဂ်ကပါဘုရား)၊ ကဲ. . . လွန်ပြီးသား ကံတွေလဲ အဟောသိကံ ဖြစ်ရတယ်၊ ရှေးအတိတ်က ကံတွေလဲ အဟောသိကံ ဖြစ်ရတယ်၊ သူပေါ်ခွင့်ကို မရဘူး၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

## သစ္စာသိတဲ့ဉာဏ်သည်အားကိုးရာအစစ်

ဒီလောက်တောင် အားကိုးရာ အစစ်ရှိသေးတာ သစ္စာသိတဲ့ ဉာဏ်ပေါ့၊ ဒကာ ဒကာမတို့ အားကိုးရာ အစစ်ဟာ ဘာပါလိမ့်. . . (သစ္စာသိတဲ့ ဉာဏ်ပါဘုရား)၊ စာထဲမှာ မသိပါနဲ့၊ စာထဲသိရင် အလွဲအချော် ဖြစ်ပါလိမ့်မယ်. . . (တင်ပ့ါ)။

ခန္ဓာထဲမှာဖြစ်တဲ့ ဟော ဖောက်ပြန် ပျက်စီးသွားပြန်ပြီ၊ မြင်စိတ်ကလေးဟာ- ပေါ်လဲပေါ်တယ် ပျောက်လဲပျောက်တယ်၊ ကြားစိတ်ကလေးဟာလဲ- ပေါ်လဲပေါ်တယ် ပျောက်လဲပျောက်တယ်၊ လောဘလေးတွေ- ပေါ်လဲပေါ်တယ် ပျောက်လဲပျောက်တယ်လို့ နောက်ကလိုက်ပေး. . . (မှန်ပ့ါဘုရား)။

နောက်က လိုက်ပေးတဲ့အခါကျလို့ ရှိရင်ဖြင့် ပထမ ကိစ္စဉာဏ်တော့ သေသေချာချာ ရမှာပဲ၊ ရင့်ကျက်လာရင်ဖြင့် ကတဉာဏ်ကူးမယ်. . . (မှန်ပ့ါ)၊ မကူးပါနဲ့ဆိုလို့. . . (မရပါဘုရား)၊ မရတော့ ကတဉာဏ် ကျလို့ရှိရင် မဂ်ဆိုက်သွားတာပဲ. . . (မှန်ပ့ါ)၊ ကိစ္စဉာဏ်မှာ မဆိုက်သေးဘူး၊ ဝိပဿနာ မဂ်ပဲ ရှိသေးတယ်၊ ကတဉာဏ်ကျရင်. . . (မဂ်ဆိုက်ပါတယ်ဘုရား)။

မဂ်ဆိုက်သွားတော့ ဒကာ ဒကာမတို့ လွန်ပြီးသား အကုသိုလ်ကံတွေကော. . . (ဖြတ်ပါတယ်ဘုရား)၊ ဖြတ်

လိုက်ပြီ၊ ဩော်. . . ကျုပ်က ဒီဘဝကောင်းကောင်း နေပေမယ့် နောက်က ဘာကံတွေလဲဆိုတာ မသိဘူးဆိုတဲ့ စိုးရိမ်စိတ်တွေလဲပျောက်ပါတယ်၊ ဒါ့ကြောင့် သောက ပရိဒေဝတွေလဲ ပျောက်စေနိုင်ပါတယ်၊ ဒီအလုပ်သာလုပ်ပါ. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## အားကိုးရာအစစ်ကိုပေးနေတယ်

သေသေချာချာ ပြောနေတယ်၊ ဒကာ ဒကာမတို့ သေသေချာချာ သိချင်လို့ရှိရင် နားထောင်ပါ၊ ခင်ဗျားတို့ အားကိုးရာအစစ်ကို ဆရာဘုန်းကြီး ပေးနေတယ်၊ ခင်ဗျားတို့ မှားထားတဲ့ ကံတွေဟာဖြင့် ခင်ဗျားတို့ဟာနဲ့ ခင်ဗျားတို့ဆိုရင် ကုဋေကုဋာ လာနေမှာပဲ. . . (မှန်ပါ့ဘုရား)။

ဩော်. . . ငါက အခုတော့ ဆရာကောင်း သမားကောင်းနဲ့ တွေ့လို့ လိမ္မာပါရဲ့၊ ထိုက်တန်သလောက်လဲ သစ္စာသိပါတယ်၊ ဖြစ်ပျက်ဟာ- ဒုက္ခသစ္စာတဲ့၊ ဖြစ်ပျက်မြင်ရင်- မဂ္ဂသစ္စာတဲ့၊ သို့သော်လဲ- ငါက ငယ်စဉ်အခါက မလိမ်မာတဲ့ အချက်တွေက နည်းတာတွေမဟုတ်ဘူးဆိုပြီး အဲဒါတွေ ကျရင်လဲ ကိုပေါ်၊ ကိုဝ ဖျောက်လိုက်၊ ဒီအလုပ် လုပ်ရင် ဒါတွေ အဟောသိကံ ဖြစ်ကုန်ပြီ. . . (မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မှားခဲ့တာကိုလဲ အရေးကြီးစရာ မလိုဘူး. . . (မှန်ပါ့)၊ လာလတ္တံ့ ငရဲတွေ၊ ငရဲခန်းတွေလဲ

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားတယ်၊ ဘုန်းကြီးများကလဲ ဟောထားတယ်၊ ကြောက်စရာ မလိုဘူး. . . (မှန်ပါ)၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်မိမှာ ကြောက်ပါ. . . (မှန်ပါဘုရား)၊ ဘာကြောက်ရမယ်. . . (ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မဖြတ်မိမှာ ကြောက်ရပါမယ်ဘုရား)။

## ငါသေရင်ဘာဖြစ်မှာတုံး

အဲဒါကြောင့် ဘုန်းကြီးက ဒကာ ဒကာမတွေ အရင်းအချာတွေမို့ ဆုံးမပါတယ်၊ ငါသေရင် ဘာဖြစ်မှာတုံး ဆိုတာလဲ ပဋိစ္စသမုပ္ပါဒ်ကို မေးပါ။ သဘောကျပလား. . . (ကျပါပြီ)၊ မဖြတ်သေးလို့ရှိရင် ငါသေရင် ဘာဖြစ်မှာလဲဆိုတာ ပဋိစ္စသမုပ္ပါဒ် စီမံရာ ခံရမှာပဲ၊ ဖြတ်နေတဲ့ ပုဂ္ဂိုလ် ဖြစ်ရင်လဲ၊ ဝိပဿနာအလုပ် လုပ်လို့ဖြတ်တတ်တဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ရှိရင်လဲ ငါသေရင် ဘာမှဖြစ်စရာ မရှိဘူး၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ဆီ ရောက်မှာပဲ. . . (မှန်ပါ)၊ ဆိုတော့ သူများ မေးရတာကြာပါတယ်၊ ကိုဝ ဘယ့်နှယ်နေသလဲ. . . (ကြာပါတယ်ဘုရား)။

သူများက ဖြစ်ပျက်ကို မှန်းပြောတယ်၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိတော့ ကိုယ့်ဟာကိုယ် မသိဘူးလား. . . (သိပါတယ်)၊ ဒါဖြင့် ငရဲဟာ ဘယ်သူတည်ထောင်တာတုံးဗျ၊ ဘယ့်နှယ်မေးကြတယ်၊ မေးဖို့လိုသေးသလား၊ ဘယ်သူကတည်ထောင်တာတုံး- ဒီကတည်တာ၊ နိဗ္ဗာန် ဘယ်သူပို့တာတုံးဗျလို့ မေးဖို့လိုသေးလား. . . (မလိုပါဘုရား)။

## ဘုန်းကြီးကနိဗ္ဗာန်မပို့နိုင်ဘူး

အဲ. . . ဘုန်းကြီးတွေက နိဗ္ဗာန်ပို့ပေးလို့ တော်တော်သေးတယ်ဆိုတာ အဲဒါ အလကား လူတွေက ပြောတာ. . . (မှန်ပါ့)၊ ဘုန်းကြီးက နိဗ္ဗာန် ပို့ကိုမပို့နိုင်ဘူး. . . (မှန်ပါ့)၊ ခင်ဗျားတို့ နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ဒီလိုဖြတ်ကြပော့လို့ ပြောဖော် ဆိုဖော်ရတာပဲ. . . (မှန်လှပါ့ဘုရား)။

ဘုရားကိုယ်တော်တိုင် သူ့သား ရာဟုလာကို နိဗ္ဗာန် မပို့နိုင်ဘဲနဲ့ ဘုရားကလေ ရာဟုလာဆိုပြီးသကာလ မင်း ပထဝီဓာတ်တွေကို ဖြစ်ပျက်ရှုစမ်းကွာ၊ အဲဒါ ငါ့ကိုယ် ငါ့ဟာ မဟုတ်အောင်ကြည့်စမ်းကွာ၊ အဲဒါမှ မင်းနိဗ္ဗာန်ရောက်မယ် ဆိုတာ အဟုတ်ပြောတာလား မခေါ်နိုင်လို့ ပြောတာလား . . . (မခေါ်နိုင်လို့ ပြောတာပါဘုရား)။

ဒါဖြင့် သူ့ပဋိစ္စသမုပ္ပါဒ် သူဖြတ်လို့ ရာဟုလာ နိဗ္ဗာန် ရောက်တာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ သူ့ပဋိစ္စသမုပ္ပါဒ် သူမဖြတ်လို့ရှိရင်လဲ ရာဟုလာဟာ အခုအချိန်မှာ ရောက်ချင် တဲ့ဆီ ရောက်မှာပဲ၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ဘုန်းကြီးများကနည်းပေးလို့တော်သေးတယ်

ဩော်. . . ဘုန်းကြီးများကပဲ ကယ်တင်ပေးလို့ တော် တော်သေးတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ်လိုယူကြမလဲ. . . (နည်းပေးလို့တော်သေးတယ်)၊ နည်းပေးလို့ တော်သေးတယ်ဆိုတာ ဘုန်းကြီးများအပေါ် မှာ အာစရိယဂုဏော အနန္တောနဲ့ ကျေးဇူးတင်ကြပါ . . . (မှန်ပါ့)၊ နည်းပေးလို့တော်သေးတယ်ဆိုပြီး အဲဒါနဲ့ တင်းတိမ်နေမယ်ဆိုရင်လဲတဲ့၊ ဓမ္မသာဝန ကုသိုလ်ပဲ ဖြစ်မယ်. . . (မှန်ပါဘုရား)။

ဓမ္မသာဝန ဆိုတာ ဓမ္မက- တရား၊ သဝနက- နာတာ . . . (မှန်ပါ့)၊ နာတော့ကို ဘာဖြစ်သလဲဆိုတော့ နားထဲက ကြားတယ်၊ နားထဲက ကြားလို့ရှိရင်ဖြင့် ဘာဖြစ်သလဲဆိုတော့ ဒကာ ဒကာမတို့က ကြားလို့ ကုသိုလ်စိတ်ဖြစ်တယ်၊ ကြားလို့ ဝမ်းမြောက်တယ်ဘုရား၊ သောမနဿ ဝေဒနာ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်)၊ ဝမ်းမြောက်တဲ့ သောမနဿ ဝေဒနာဖြစ်ပြီးလာတော့ ဒကာ ဒကာမတွေ သောမနဿ ဝေဒနာက သုခဝေဒနာ ဖြစ်တယ်၊ မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## တရားနာရင်တော့ဒါပဲရမယ်

သုခဝေဒနာဖြစ်တော့ ငါတော့ဖြင့် ကျေးဇူးများမှာပဲဆိုတဲ့ တဏှာလာတယ်၊ **တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ (ဘဝေါ)၊ ကမ္မဘဝ ပစ္စယာ သုဂတိဇာတိ.** . . (မှန်ပါ့)၊

သုဂတိဇာတိ၊ တရားနာရင်တော့ ဒါပဲ ရမယ်. . . (မှန်ပါ့)၊ ကိုဝ တရားနာရင်တော့. . . (သုဂတိဇာတိပါဘုရား)၊ ဒါပဲ ရမှာပဲ။

## တရားအားထုတ်ရင်တော့

တရားအားထုတ်လို့ရှိရင် သုဂတိဇာတိ၊ ဒုက္ခသစ္စာ တောင်ပယ်နိုင်ပါတယ်. . . (မှန်ပါ့)၊ အပါယ်လောက်ကို မဆို ထားပါနဲ့၊ သုဂတိ ခင်ဗျားတို့ကြိုက်နေတဲ့ ဒုက္ခသစ္စာတောင် မှပယ်နိုင်တယ်ဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် မဂ်သည် ကံဖြတ်ဆိုတာ၊ မောင်နိုင် ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)၊ ဒါကစတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာဟောတယ်၊ ကံမဂ်ဆိုတာ ဟောတယ် ဆိုပြီး ကံကုန်စေတာဖြင့် သူပဲဟော့၊ ဖြစ်ပျက်ရှုတဲ့မဂ်ပဲ၊ ပေါ် ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ငရဲ ဘယ်သူတည်ထောင်သတုံး. . . (ကံက တည်ထောင်တာပါ) မဆိုနဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်က တည် ထောင်တာ. . . (မှန်ပါ့)၊ ပေါင်းပစ်လိုက်တော့ တဏှာ၊ ဉပါဒါန်၊ ကံ ဆိုတာ အကုန်ပေါ့ဗျာ၊ ကံချည်းသက်သက်က မတည်ထောင်နိုင်လို့ ပယ်လိုက်ရတာပဲ. . . (မှန်ပါ့)၊ ကံဟာ ဉပါဒါန် အုပ်ချုပ်မှ တည်ထောင်နိုင်တာကိုး. . . (မှန်ပါ့)၊ ဉပါဒါန် အပေါ်မှာ တဏှာအုပ်ချုပ်မှ. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ကံသက်သက်ကဘာမှမလုပ်နိုင်ဘူး

ကံချည်းသက်သက် ဘာလုပ်နိုင်မလဲ. . . (ဘာမှမလုပ်နိုင်ပါဘုရား)၊ ကံချည်းသက်သက်ဆိုရင် ဘာမှ မလုပ်နိုင်ဘူးဆိုတာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)၊ ကံပေါ်မှာ အုပ်ချုပ်တဲ့လူယုတ်မာ နှစ်ယောက်က စီမံသလို ကံကလုပ်ရပါတယ် . . . (မှန်ပါ့)။

မယုံရင်စဉ်းစားကြည့်တာပေါ့တဲ့၊ အခုန တရားနာရင်း ကုသိုလ်ကံတွေ ပေါ်လာတော့ တရားရှေ့က သောမနဿ ဝမ်းသာတာတွေ၊ ကြည်ညိုတာတွေကနေပြီး အုပ်ချုပ်ထားတော့ ကံက သုဂတိပို့လိုက်ရတယ်. . . (မှန်ပါ့)။

## ကံမကြောက်နဲ့ ကိုယ့်ကိလေသာကြောက်

အထက်က တဏှာ၊ ဥပါဒါန်၊ ကံတွေ အုပ်ချုပ်နေရင် ဒုဂ္ဂတိ၊ အပါယ်လေးပါး မပို့ဘူးလား. . . (ပို့ပါတယ်)၊ ဒါဖြင့် ကံ လိုရင်းလား၊ အထက်အုပ်ချုပ်ရေးက လိုရင်းလား. . . (အထက်အုပ်ချုပ်ရေးက လိုရင်းပါဘုရား)၊ အဲဒီတော့ **ခင်ဗျားတို့က ကံမကြောက်နဲ့၊ ကိုယ့်ကိလေသာကြောက်**. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်လို ဆုံးဖြတ်ကြမလဲ၊ ကိလေ

သာ စီမံသလို ကံလုပ်ရပါတယ် ဆိုတာသေချာပလား. . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ မဟာပရိဋ္ဌာဟ ငရဲကြီးကိုကြောက်စရာကောင်းတယ်ဆိုတာထက် ခင်ဗျားတို့ ဝမ်းထဲမှာ အဲကုသိုလ် ပဋိစ္စသမုပ္ပါဒ်က ပိုပြီးကြောက်စရာ ကောင်းတယ်. . . (မှန်ပါ့)။

## လေးနဲ့မြား ဥပမာ

လေးမြားက အလိုလိုပစ်သလား. . . (မပစ်ပါဘုရား) ပစ်တဲ့လူက အားစိုက်ပြီးပစ်မှ လေးတွေ မြားတွေ ဒူးလေးတွေ ကထွက်တယ်မို့လား. . . (မှန်ပါ့)၊ ဒါဖြင့် လေးမြားကြောက် တယ်ဆိုရင် မှားတယ်၊ ပစ်တဲ့လူ ကြောက်ရမယ်၊ သဘောပါ ပလား. . . (ပါပါပြီ)။

ဒီမှာလဲ ကံဆိုတာ လေးမြားနဲ့တူတယ်၊ တကယ်ပစ် တာက တဏှာ၊ ဥပါဒါန်က ပစ်လိုက်တာ. . . (မှန်ပါ့)၊ တဏှာ ဥပါဒါန်က ကြိုးဆွဲပြီးပစ်လိုက်လို့ ကံကနေပြီး သကာလ ဒကာ ဒကာမတို့ ခန္ဓာဖြစ်အောင်၊ ခန္ဓာသေအောင် လုပ်ရမှာ. . . (မှန်ပါ့)။

## တဏှာ ဥပါဒါန်ကိုကြောက်ပါ

ဒါဖြင့် ကံက မြားတံသဘောသာ ဖြစ်တယ်၊ ဆွဲတဲ့

သဘောက တဏှာ ဥပါဒါန်. . . (မှန်ပါ့)၊ ဒါဖြင့် တဏှာ ဥပါဒါန် ကံ ဘယ်ဟာက ကြောက်စရာကောင်းသလဲ. . . (တဏှာ ဥပါဒါန် ပါဘုရား)၊ အဲ. . . ဒကာ ဒကာမတို့ ကြောက်ပုံလွဲနေလို့ ကိုပေါ် ကိုဝ ဟောလိုက်ပါတယ်၊ **ကံကို မကြောက်ပါနဲ့. . . (မှန်ပါ့)၊ တဏှာ ဥပါဒါန်ကို ကြောက်ပါ။**

ဒါဖြင့် ကျုပ်တို့က တဏှာ ဥပါဒါန်ကို ရှေ့နားက နေပြီး သစ္စာသိတဲ့ဉာဏ်ကလေးနဲ့ ရှုပေးလိုက်. . . (မှန်ပါ့)၊ ရှုပေးလိုက်တော့ ဦးဘရှင်းတို့ ဘယ်နှယ်ဖြစ်သွားသလဲ. . . (ပျောက်သွားပါတယ် ဘုရား)၊ တဏှာ ဥပါဒါန် နိုင်တဲ့ဆရာ လာပြန်တာကိုးဗျ. . . (မှန်ပါ့)၊ လာတော့ လေးမြားဆွဲနိုင် သေးရဲ့လား. . . (မဆွဲနိုင်ပါဘုရား)၊ မဆွဲနိုင်တော့ ကံတည်း ဟူသောမြားသည် မြားတံသည်မှန်အောင် ပစ်နိုင်သေးရဲ့ လား. . . (မပစ်နိုင်ပါဘုရား)၊ သူ့မှာသတ္တိရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ အဲဒီတော့ တဏှာ ဥပါဒါန်ကို ကြောက်ပါ . . . (မှန်ပါ့ဘုရား)။

## သမုဒယသစ္စာဖွဲ့တယ်

ဒါ့ကြောင့် သစ္စာဖွဲ့တော့ ဒကာဒကာမတို့ ကံကို သစ္စာ မဖွဲ့ဘဲနဲ့ လောဘကို သမုဒယသစ္စာဖွဲ့တယ်၊ သူ့ ကြောင့်ဒုက္ခဖြစ်တာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ကံကို သစ္စာဖွဲ့သလား၊ လောဘ သမုဒယသစ္စာဖွဲ့သလား. . . (လောဘ သမုဒယသစ္စာဖွဲ့ပါတယ်ဘုရား)၊ ဒါဖြင့် သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်တယ်လို့သာ ဆိုတာကိုး၊ ကံကို ပါသေးရဲ့လား. . . (မပါပါဘုရား)။

အဲဒီမှာ ကမ္မဝါဒီ ရှိနေတဲ့ ပုဂ္ဂိုလ်က ဆိုးလဲကံ၊ ကောင်းလဲကံ၊ ဆိုပြီးသကာလ ကိုပေါ် ကိုဝ ဒီလိုဖြစ်နေတယ် . . . (မှန်ပါ့)၊ သူလုပ်တာ ကံကိုကြောက်စရာလား၊ ကံ အုပ်ချုပ်ရေးကြောက်စရာလား. . . (ကံအုပ်ချုပ်ရေး ကြောက်စရာပါဘုရား)။

## ကံကိုဘယ်သူအုပ်ချုပ်သတုံး

ကံကို ဘယ်သူအုပ်ချုပ်သတုံး. . . (ဥပါဒါန်တို့ တဏှာတို့ အုပ်ချုပ်ပါတယ်)၊ ဥပါဒါန်တို့ တဏှာတို့က မအုပ်ချုပ်ဘူးလား. . . (အုပ်ချုပ်ပါတယ်)၊ အဲဒါ- မင်းတို့အုပ်ချုပ်လို့ ရှိရင် တို့ဒုက္ခရောက်ချည်ရဲ့ဆိုတာ သိပြီးသကာလ မြင်စိတ်ကလေးလာတယ်၊ လိုချင်တာမလာခင် မောင်နိုင်က ဖြစ်ပျက်ရှုရမယ်. . . (မှန်ပါ့)။

အဲဒါ တပည့်တော်ဘုရား၊ ကံ အားနည်းနေသေးတယ် ဆိုရင်ဖြင့် မြင်တယ်ဆိုပြီး လိုချင်တယ်ကို ရှုချ၊ လိုချင်တဲ့စိတ်ကလေး ဖြစ်ပျက်ရှုလိုက်ပါ. . . (မှန်ပါ့)၊ ရှုလိုက်သည်နဲ့ ဒကာ ဒကာမတွေက ဥပါဒါန် လာသေးရဲ့လား. . . (မလာပါဘုရား)။

မလာတော့လဲ ဆက်ရှုလိုက်ပြီဘုရား၊ ဘယ့်နှယ်နေ
သတုံး. . . (ပျောက်သွားပါတယ်)၊ ပျောက်သွားတယ်၊ ဟာ-
တပည့်တော် မမီလိုက်ဘူးဘုရားဆိုတော့ ဥပါဒါန် ရှုလိုက်
ရင်ကော. . . (ရပါတယ်)၊ ဒါကံဖြတ်တရားပဲ. . . (မှန်ပါ့)။

## ကံကိုဖြစ်ပျက်ရှုလိုက်ရင်

ဥပါဒါန်တောင် မမိပြန်ဘူး ဘုရား၊ **ရူပသဉ္စေ်ချ စေတနာ လောကေ၊ သတ္တသဉ္စေ်ချ စေတနာ လောကေ-** သတိပဋ္ဌာန်မှာလာတာ၊ ကံက စေတနာကိုးဗျ၊ အဲဒီ ကံကို ဖြစ်ပျက် ရှုလိုက်ပြန်လို့ရှိရင်လဲ သူကံအဖြစ်နဲ့ အမှုထမ်းသလား၊ ဒုက္ခသစ္စာ အဖြစ်နဲ့ ကျုပ်တို့ဉာဏ်ထဲမှာ မြင်သလား. . . (ဒုက္ခသစ္စာ အဖြစ်နဲ့ ဉာဏ်ထဲမှာမြင်ပါတယ်)၊ အဲဒီကံကို ဖြတ်လို့ ရပါတယ်. . . (မှန်ပါ့)။

ဒါလေးတွေ၊ သဘောလေးတွေ သေသေချာချာ မှတ်စမ်းပါ. . . (မှန်ပါ့)၊ ဒါဖြင့် တဏှာ ဖြစ်ပျက်ရှုဆိုတာ· တဏှာအဖြစ်နဲ့သိတာ၊လား၊ ကျုပ်တို့က ဒုက္ခသစ္စာအဖြစ်နဲ သိတာလား. . . (ဒုက္ခသစ္စာအဖြစ်နဲ့သိတာပါ)၊ တဏှာ သဘောယူထားရင် သမုဒယသစ္စာ၊ တဏှာ ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်မြင်အောင်ရှုတော့ဒုက္ခသစ္စာ

ဥပါဒါန်ဟာ ဥပါဒါန်ပဲ၊ သို့သော် ဖြစ်ပျက်မြင်အောင် ရှုတော့ ဒုက္ခသစ္စာဖြစ်တယ်၊ သိတာက ဘာလဲ. . . (မဂ္ဂသစ္စာ ပါဘုရား)၊ ကံဟာ ကံချည်းအတိုင်းထားမယ် ဆိုလို့ရှိရင် ကျုပ်တို့ အကျိုးပေးဦးမှာပဲ. . . (မှန်ပါ့)၊ ဒီကံကိုပဲ ကိုပေါ် ကိုဝ တို့က ဖြစ်ပျက်ရှုပေး. . . (မှန်ပါ့)၊ ဘာသစ္စာဖြစ်သွား သလဲ. . . (ဒုက္ခသစ္စာဖြစ်သွားတယ်)၊ သူ့နောက်က ဟာက . . . (မဂ္ဂသစ္စာပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ဘုရားကကွာတဲ့. . . မင်းတို့ မရှုမိမှာသာ ကြောက်စမ်းပါ၊ ကံတွေ ဘာတွေ ကြောက်မနေပါနဲ့၊ မဖြတ်မိမှာသာ ကြောက်စမ်းပါ. . . (မှန်ပါ့)၊ တော်တော် ရှင်းသွားပြီနော်။

## ဝိတက်လာရင် ပပဥ္စလာမယ်

ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး က မင်းတို့အတွက် ငါစိုးရိမ်တာတွေ ရှိတယ်တဲ့၊ မင်းတို့ ဝါသနာကိုက သားကလေးတွယ်လိုက်၊ သမီးကလေးတွယ် လိုက်၊ စီးပွားရေးတွယ်လိုက်၊ နဖူးပေါ်လက်တင်လိုက်ရင် မင်းတို့က ဒါတွေချည်းလာတယ်၊ ဒါတွေလာတော့ ဝိတက် လာရင် ပပဥ္စလာလိမ့်မယ်ဟော့တဲ့၊ ဝိတက်လာရင်. . . (ပပဥ္စ လာပါတယ်ဘုရား)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒီနေ့တော့ အကြံအစည်ကလေး ကြံဦးမှပဲဆိုရင်ဖြင့် အကြံအစည် တည့်ပြီဆိုရင် နက်ဖြန်ဘာလုပ်မလဲဆိုတဲ့ ချဲ့လုံးတွေ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ သူ့နောက်က ဘာလိုက်သလဲ တဏှာ မာန ဆိုတာတွေ မလိုက်ဘူးလား . . . (လိုက်ပါတယ်)၊ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် ဆိုတာတွေလေ. . . (မှန်ပါ့)။

## ကြံနည်းစည်နည်း

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီပပဥ္စ ရှိပြန်လို့ ရှိရင် မင်းတို့သည် သံသရာထဲ အို၍မဆုံး၊ နာ၍မဆုံး ဖြစ်မှာ ငါ စိုးရိမ်တယ်၊ မင်းတို့ကို ကြံနည်းစည်နည်းကလေး နည်းပေးသွားမယ်ဆိုပြီး သစ္စာသံယုတ်မှာ ပေးတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ကြံနည်းစည်နည်း ပေးပြန်တယ်၊ ကြံနည်းစည်နည်းက ဘယ်လိုပေးသလဲဆိုရင် **"မံ ဘိက္ခဝေ ဝိတက္ကေရာထ"** ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ကော မင်းတို့ကွာတဲ့- မင်းတို့နဖူးပေါ် လက်တင်ပြီး ကြံလုံးတွေ လာတတ်ကြတယ်ကွာတဲ့. . . (မှန်ပါ့)။

## ကြံစည်ပုံသုံးမျိုး

ကြံပြန်တော့လဲ စီးပွားဘယ်လို ရှာရပါ့မတုံး. . .

(၁) ကာမဝိတက်လာတယ်၊ ဘယ်သူ့အတွက် စိတ်မချဘူး ဆိုတဲ့ ကြံလုံးလာပြန်တော့. . . (၂) ဗျာပါဒဝိတက်လာတယ်၊ ဘယ်သူနဲ့ဖြင့် ခွဲပစ်မှတော်မယ် ငါ့သား ငါ့သမီးဟာ ပျက်စီး လိမ့်မယ် ဆိုတော့လဲ သူတစ်ပါးကို. . . (၃) ဝိဟိံသဝိတက်- ညှင်းဆဲချင်တဲ့ဝိတက် မပါဘူးလား. . . (ပါပါတယ်)၊ ကြံပြန် တော့လဲ မင်းတို့ဟာ ဒီသုံးမျိုးသာ လာနေတယ်. . . (မှန်ပါ ဘုရား)။

ဒကာ ဒကာမတွေ ကြံတဲ့နောက်က ဒီသုံးလုံးက မလိုက်ဘူးလား. . . (လိုက်ပါတယ်)၊ (၁) ကာမဝိတက်ဆိုတဲ့ လောဘကော. . . (လာပါတယ်)၊ (၂) ဗျာပါဒဝိတက်ဆိုတဲ့ ဒေါသကော. . . (လာပါတယ်)၊ (၃) ဝိဟိံသဝိတက်ဆိုတဲ့ သူ တစ်ပါး ညှင်းဆဲချင်တဲ့ ဒေါသကော. . . (လာပါတယ်)။

## ကြံလို့ရှိရင်ဒီလိုသိပေးပါ

အဲဒီလိုတော့ မကြံနဲ့ကွာတဲ့. . . (မှန်ပါ့)၊ ကြံပြန်လို့ ရှိရင် မင်းတို့ကို သေသေချာချာ သတိပေးပါတော့မယ်၊ နဖူး ပေါ် လက်တင်ပြီး မင်းတို့က ကြံကြ၊ စည်ကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သောကြောင့် ကြံလို့ရှိရင်ဖြင့် ကိုယ့်သန္တာန် ပေါ် လာတဲ့ စိတ်ကလေးတွေ၊ ရုပ်ကလေးတွေ၊ နာမ်ကလေးတွေကို အဲဒါ ကလေးက ဒုက္ခသစ္စာပါလား၊ အဲဒါလေးက ဒုက္ခသစ္စာပါလား လို့ သိပေးပါ. . . (မှန်ပါ့ဘုရား)။

ဒါက သမုဒယသစ္စာပါလား၊ ဒါက သမုဒယသစ္စာလို့ သိတဲ့အခါကျတော့ သိတဲ့မဂ္ဂသစ္စာ နောက်က လိုက်တယ် . . . (မှန်ပါ့)၊ ဒါကလေးတာဖြင့် မဂ္ဂသစ္စာ နိဗ္ဗာန်ပါလားလို့ ကြံချင်ကြံပါနော်. . . (မှန်ပါ့)။

ဩော်. . . ဒါဖြင့် ပွားများရမှာ မဂ္ဂသစ္စာပါလားလို့ ကြံချင်ကြံပါ၊ အဲဒီလို ကြံလို့ရှိရင် မင်းတို့သည် နိဗ္ဗိန္ဒဝိရာဂ ဖြစ်ပြီးသကာလတဲ့၊ နိဗ္ဗာန် ရောက်ချင် ရောက်ပါလိမ့်မယ်၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေ နဖူးပေါ် လက်တင်ပြီး ကြံကြမယ်ဆိုရင် ဒုက္ခဖြစ်လိမ့်မယ်. . . (မှန်ပါ့)၊ ဒါ့ကြောင့် ငါစိုးရိမ်တာ။

## နဖူးပေါ်လက်တင်မှာစိုးရိမ်တယ်

နဖူးပေါ်လက်တင်မှာ အင်မတန် စိုးရိမ်တယ်၊ နဖူး ပေါ်လက်တင်ပြီဆိုမှဖြင့် သားရေး သမီးရေး စီးပွားရေးတွေ မကြံကြပေဘူးလား. . . (ကြံကြပါတယ်ဘုရား)၊ အင်း. . . ကာမဝိတက် ပြောကြမယ်ဆိုရင် ဘယ်သူက ငယ်သေးတယ်၊ ဘယ်သူက ပညာမစုံသေးဘူးဆိုတဲ့ ဗျာပါဒဝိတက်ကော . . . (လာပါတယ်ဘုရား)။

အင်း. . . တော်ကြာကျလို့ရှိရင် ငါ့သားသမီး တွေဟာ ပေါင်းသင်းနေကြတာ ဘယ်သူနဲ့ဆိုရင် ဆိုဦးမှပဲ၊

ဘယ်သူဖြင့် ခေါ်ပြောဦးမှ ပဲ၊ ငါ့သားသမီး ပျက်လိမ့်မယ်၊ ဝိဟိံသဝိတက်ကော. . . (လာပါတယ်ဘုရား)။

## ပေါ်ရာကိုဒုက္ခသစ္စာလို့ကြံစမ်းပါ

အဲဒါတွေ မကြံပါနဲ့ကွာတဲ့. . .၊ ခန္ဓာကိုယ်ထဲမှာ ပူလာလို့ရှိရင် ဩော် ဒုက္ခသစ္စာပါလား၊ အေးလာလို့ရှိရင်ကော. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာပဲ၊ သွားချင်တယ် ဆိုရင် သွားချင်တဲ့စိတ်ကလေးဟာ ဒုက္ခသစ္စာ၊ အိပ်ချင်တယ် ဆိုရင်. . . (ဒုက္ခသစ္စာ)၊ ဒီလိုပဲ ပေါ်ရာကို ဒုက္ခသစ္စာလို့ ကြံကြစမ်းပါ. . . (မှန်ပါ့)။

ဒီလိုကြံနေလို့ရှိရင်ဖြင့် အဲဒါဟာတဲ့. . .၊ ခန္ဓာကိုယ် ငြီးငွေ့ပြီးနေလို့ရှိရင် ဩော်- နောက်ဆုံးပိတ် တစ်နေ့သူသည် ကား ဆိုလို့ရှိရင် နိဗ္ဗိန္ဒဉာဏ် ပေါ်လာပါလိမ့်မယ်ကွာတဲ့၊ ကြံ ချင်လို့ရှိရင်ဖြင့် သစ္စာလေးပါးသာကြံပါတဲ့၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက်ဖြင့် မကြံကြပါနဲ့ဆိုတာ သဘောကျပလား. . . (ကျပါ ပြီဘုရား)။

## ဒုက္ခသစ္စာကိုမဂ္ဂသစ္စာနဲ့သိ

ဒါဖြင့် ကြံနည်းစည်နည်းလဲ ဘုရားက ကျေးဇူးရှင်ပဲ သူသင်ပေးပေလို့ ကျုပ်တို့သိရတယ်၊ ပေါ်ကြပလား. . .

(ပေါ်ပါပြီဘုရား)၊ အကုန်လုံးကိုလဲ သိသလိုလို ဖြစ်နေတာ မယူဘဲနဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်အောင် လုပ်ပါတယ် ဆိုတာ ယနေ့ ရှင်းသွားပြီ. . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဟာလဲ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ ပုဂ္ဂိုလ်တို့၏ ရောက်ရာဌာန. . . (မှန်လှပါဘုရား)၊ နိဗ္ဗာန် ဟာလဲ. . . (ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ ပုဂ္ဂိုလ်တို့၏ ရောက်ရာဌာနပါဘုရား)၊ ဖြတ်တယ်ဆိုတာ ဒုက္ခသစ္စာကို မဂ္ဂ သစ္စာနဲ့ သိတာသည် ဖြတ်တာပါပဲ. . . (မှန်ပါ့)။

## ဒီအဖိုးကြီးဘာမှမဟုတ်သေးဘူး

နိဗ္ဗာန်ကို ဟောဒီ ကိုယ်တော်တွေက နီးပြီ၊ ဟောဒီ အဖိုးကြီးတွေက ပိတ်ဖြူဝတ်ပြီး ပုတီးလည်ပင်းစွပ်လို့ လမ်းသွားလဲ ဗုဒ္ဓေါ၊ ဗုဒ္ဓေါနဲ့ ဒီအဖိုးကြီးတော့ဖြင့် တစ်လမ်း သွားပဲ၊ နိဗ္ဗာန်မှ တစ်ပါး ဘယ်မှသွားစရာ မရှိဘူးလို့ မထင်လိုက်ပါနဲ့၊ ဘာမှ မဟုတ်သေးပါဘူးလို့ ဆုံးဖြတ်ချက် ချပါ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဖြစ်ပျက်ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် မသိသေးပါဘူး။

## ကတညာဏ်လာမှမဂ်ဆိုက်တယ်

ဖြစ်ပျက်ကို ဒုက္ခသစ္စာလို့သိမှ သစ္စညာဏ်. . .

(မှန်ပါ့)၊ ဖြစ်ပျက်သည်ကားဆိုရင် ဖောက်ပြန်ပျက်စီးတာ ဧကန်တွေ့ တော့မှ ကိစ္စဉာဏ်. . . (မှန်ပါ့)၊ အဲဒီကိစ္စဉာဏ်ကို ဖြစ်ပျက် ဒုက္ခသစ္စာကြီးဖြစ်လို့ မလိုချင်တော့မှ ကတဉာဏ် လာတာ. . . (မှန်ပါ့)၊ ကတဉာဏ်လာမှမဂ်ဆိုက်တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ယနေ့ပြောရမည့် အလုပ်က ကိစ္စဉာဏ် ကနေ ကတဉာဏ်ကူးပုံလေးကို ဒကာ ဒကာမတို့ မနေ့က သစ္စာသုံးချက်သာ သိသေးတယ်၊ သစ္စာသုံးချက်က ဒုက္ခ သစ္စာ၏ ပိဋ္ဌနဒ္ဓော ဟောတယ်၊ သခ်တဒ္ဓော ဟောတယ်၊ သန္တာပဒ္ဓော ကိုမနေ့က ဟောတယ်. . . (မှန်ပါ့)။

## အဝိပရိဏာမကိုဟောမယ်

ဒီနေ့ ဝိပရိဏာမဒ္ဓော တွေ့အောင်ဟောမယ်၊ ဝိပရိ ဏာမကနေပြီး အဝိပရိဏာမကို ကူးတဲ့အထိ ဟောမယ်၊ ဒကာ ဒကာမတို့ ဘယ်ကနေဘယ်ကိုကူးမှာပါလိမ့်. . . (ဝိပရိ ဏာမကနေ အဝိပရိဏာမ ကူးတဲ့အထိပါဘုရား)၊ အဲဒါဖြင့် ပြောကြပါစို့ ဒကာဒကာမတို့ ဝိပရိဏာမက ဒုက္ခသစ္စာ၊ အ ဝိပရိဏာမဆိုတာက နိရောဓသစ္စာ. . . (မှန်ပါ့)။

## ဝိပရိဏာမဒ္ဓော

ဝိပရိဏာမက. . . (ဒုက္ခသစ္စာပါဘုရား)၊ အဝိပရိ

ဏာမက. . . (နိရောဓသစ္စာပါ)၊ ဖောက်ပြန်ခြင်းရှိတာက. . (ဒုက္ခသစ္စာ)၊ ဖောက်ပြန်ခြင်း မရှိတာက. . . (နိရောဓသစ္စာ)၊ ကောင်းပြီ. . . ဒါဖြင့်ဒီနေ့ **ဝိပရိဏာမဋ္ဌော- နဂိုခန္ဓာကိုယ် မတည်နိုင်ဘဲ ယိမ်းယိုင်ဖောက်လွဲ ပြိုကွဲပျက်စီးခြင်းသည်လည်းကောင်း**၊ ဒါဝိပရိဏာမလက္ခဏာ. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာရှိတဲ့ပုဂ္ဂိုလ်ဟာဖြင့် ယားတယ်၊ နာတယ်၊ ကောင်းတယ် ဆိုတာလေးဟာ ကောင်းတာလဲ ကောင်းတဲ့အကောင်းပြီးရင် အကောင်း ဆုံးသွားတယ်၊ မကောင်းတာကလေးကလဲ မကောင်း ဆုံးသွားတယ်၊ အလတ်စားကလေးလဲ နောက်. . . (အလတ်စား ဆုံးသွားပါတယ်)။

ဒါဖြင့် သူတို့ သုခဝေဒနာလဲ ဝိပရိဏာမ ဖောက်ပြန်တာပဲ၊ ကောင်းတာကလေးဟာလဲ အကောင်းပျောက်သွားတယ်၊ မကောင်းတာလေးလဲ မကောင်း ပြီးဆုံးသွားတယ်၊ ဥပေက္ခာဝေဒနာကော. . . (ဆုံးသွားပါတယ်)။

## ပင်ကိုသဘောကိုစွန့်တာ

အဲဒီကဲ့သို့ ဒကာ ဒကာမတို့ ပေါ်ပြီး ပျောက်ပျောက်သွားတာ ဝိပရိဏာမလို့မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ပေါ်ပြီး ပျောက်ပျောက်သွားတယ်. . . (မှန်ပါ)၊ **ဝိပရိဏာမဆိုတာ ပင်ကို သဘောကိုစွန့်တာ**လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဝိပရိဏာမ ဆိုတာ ဘာပါလိမ့်. . . (ပင်ကိုသဘော စွန့်တာပါ ဘုရား)၊ ပင်ကိုသဘော စွန့်တာဆိုတော့ ကိုပေါ် စဉ်းစားစမ်း၊ ကို၀ စဉ်းစားစမ်း. . . (မှန်ပါ့)၊ ချမ်းသာလိုက်တာ ဆိုပြီး ချမ်းသာတာ ရှိသေးရဲ့လား စွန့်သွားတယ်. . . (မှန်ပါ့)၊ ဒါဖြင့် ချမ်းသာတဲ့ သဘောလေး စွန့်မသွားဘူးလား. . . (စွန့်သွားပါတယ်ဘုရား)။

ဒါဖြင့် ဝိပရိဏာမ ဟုတ်-မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)၊ ဝိပရိဏာမ ဟုတ်ခဲ့သော် ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဝိပရိဏာမ ဟုတ်ခဲ့သော် . . . (ဒုက္ခသစ္စာပါဘုရား)၊ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)၊ ဒါဖြင့် ဝိပရိဏာမ သဘောလေးပဲ။

## ဖြစ်ပြီးပျောက်ပျောက်သွားတာ

ကျုပ်တို့က ပြော်. . . ဖြစ်ပြီးတော့ ပျောက်ပျက်သွားတာပဲ သုခဆိုတာလဲ ပျောက်သွားတာပဲ၊ ချမ်းသာတယ်ဆိုပေမယ့် နောက်ဆုံးပိတ် ပျောက်ပျောက်သွားတာပဲ၊ ဒုက္ခဆိုတာလဲ ဆင်းရဲသလိုလိုနဲ့ နောက်ဆုံးပိတ် ဆင်းရဲတာလေးဟာ ပျောက်တာပဲ. . . (မှန်ပါ့)။

ဥပေက္ခာလေးဟာ အလတ်စား ခံစားမှုလေး ရှိတယ်ဆိုငြားသော်လဲ ဒီအလတ်စားလေး တော်ကြာ ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)၊ ဒါဖြင့် သူသည် ဝိပရိဏာမ

ရှိ-မရှိ. . . (ရှိပါတယ်)၊ ဒါဖြင့် သူ ဘာသစ္စာလဲ. . . (ဒုက္ခ သစ္စာပါဘုရား)။

## ကိစ္စဉာဏ်

ဝိပရိဏာမ ရှိတာကို ခင်ဗျားတို့က မြင်တွေ့လို့ရှိရင် ဖြင့် ဒါ ကိစ္စဉာဏ်. . . (မှန်ပါ့)၊ ဝိပရိဏာမကို မြင်အောင်တွေး နိုင်ရင်. . . (ကိစ္စဉာဏ်ပါဘုရား)၊ အဲဒီတော့ စာနဲ့သုံးနေတာ လား၊ ခင်ဗျားတို့ ဖြစ်ပြီးပျက်သွားတာ တွေ့တာလား၊ ဖြစ်ပြီး ပျက်သွားတာ မြင်လိုက်တာသည် ကိစ္စဉာဏ် ကိုဝ ရိပ်မိပြီ . . . (မှန်ပါ့)။

ဒုက္ခဝေဒနာကလေးက ဖြစ်ပြီး ပျက်သွားတာပဲ၊ သုခ ဝေဒနာလေးလဲ ဖြစ်ပြီးပျက်သွားတာပဲ၊ ဥပေက္ခာဝေဒနာလေး ရော. . . (ဖြစ်ပြီးပျက်သွားပါတယ်ဘုရား)၊ အင်း. . . သောမနဿဝေဒနာ ကော ဖြစ်ပြီး. . . (ပျက်သွားပါတယ် ဘုရား)၊ ဒေါမနဿလေးကော. . . (ဖြစ်ပြီးပျက်သွားပါ တယ်)။

အဲဒါလေးတွေကိုကြည့်လိုက်တော့ ဖြစ်ပြီးပျက် သွားတဲ့ သဘောဟာ ဒကာ ဒကာမတို့ သိတိုင်း သိတိုင်း သူကဖြစ်ပြီး ပျက်ရမည့်ကိစ္စဟာ ရုပ်နာမ်တို့၏ကိစ္စ ဖြစ်ပြီး ပျက်ရမည့်ကိစ္စဟာ. . . (ရုပ်နာမ်၏ကိစ္စ)။

## ဖြစ်ပြီးပျက်တဲ့ကိစ္စကရုပ်နာမ်၏ကိစ္စ

အဲဒါတွေ သူ့ကိစ္စလို့ ခင်ဗျားတို့က ဉာဏ်ကလေးနဲ့ နောက်က သိပေးလိုက်. . . (မှန်ပါ့)၊ သိတော့ မနေ့ကလိုပဲ မောင်နိုင် ဘာဉာဏ် ဖြစ်မယ်၊ ဖြစ်ပြီးပျက်တဲ့ကိစ္စက ရုပ်နာမ်တို့၏ကိစ္စ၊ သိတဲ့ဉာဏ်ကလေးက ဉာဏ်၊ ပေါင်းလိုက်တော့ . . . (ကိစ္စဉာဏ်)၊ ဖြစ်ပြီးပျက်တဲ့ကိစ္စကို နောက်က အသိလိုက်တာက ဉာဏ်ပါလား. . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါပြီ)၊ ပေါင်းလိုက်တော့ ကိစ္စဉာဏ်ပါဘုရား။

သြော်- ကိစ္စဉာဏ် ရပြီ. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ကိစ္စဉာဏ် မရသေးဘူးလား. . . (ရပါပြီဘုရား)၊ ရုပ်နာမ်တို့၏ ပင်ကိုသဘောက ဖြစ်ပြီးပျက်ရမည့်ကိစ္စ. . . (မှန်ပါဘုရား)၊ ရုပ်နာမ်တို့၏ ပင်ကိုသဘောက. . . (ဖြစ်ပြီးပျက်ရမည့်ကိစ္စပါဘုရား)၊ စိတ်ရှိတဲ့ ပုဂ္ဂိုလ် စိတ်၏ပင်ကိုသဘောက. . . (ဖြစ်ပြီးပျက်ရမည့်ကိစ္စ)၊ ဝေဒနာရှိတဲ့ပုဂ္ဂိုလ် ဝေဒနာ၏ပင်ကိုသဘောက. . . (ဖြစ်ပြီးပျက်ရမည့်ကိစ္စ)၊ ဖြစ်ပြီးပျက်ရမည့်ကိစ္စ. . . (မှန်ပါ့)။

## သိလုံးကလေးကဉာဏ်

အဲဒီကိစ္စလေးတွေကို လက်မလွှတ်တန်း နောက်က နေပြီး ကြည့်နေကြမယ်ဆိုရင် အဲဒီသိလုံးလေးဟာ ဉာဏ်ပဲ၊

ဒီဉာဏ် ဘာဉာဏ်ခေါ်မလဲ. . . (ကိစ္စဉာဏ်ပါ)၊ ကိစ္စဉာဏ် ကောင်းပြီတဲ့။

ဒါဖြင့် ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာကိစ္စသိလို့ရှိရင် ကိစ္စဉာဏ် ပျောက်ပျက်တဲ့ကိစ္စ သိလို့ရှိရင် ကိစ္စဉာဏ် ဘယ့်နှယ်ကြောင့် ပျောက်ပျက်ပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာလေးတော့ မောင်နိုင်တို့ လာချင်လာလိမ့်မယ်၊ မစိုးရိမ်ပါနဲ့တဲ့၊ ကိစ္စဉာဏ်ရှင်းပေးပါမယ်- ကိစ္စဉာဏ် ရှင်းပေးမယ် ဒကာဒကာမတို့. . . (မှန်ပါ့)။

ကိစ္စဉာဏ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရုပ်မှာလဲ ရုပ်၏ဇာတိ ရုပ်၏မရဏ ဆိုတာ- ရုပ်၏ဖြစ်မှု ရုပ်၏ပျက်မှု ရှိတယ်. . . (မှန်ပါ့)၊ ဇရာ၊ မရဏမပါဘူးလား. . . (ပါပါတယ်ဘုရား)။

## ပျက်စီးခြင်းကိစ္စပါလာတယ်

အင်း. . . စိတ်ကလေးကြည့်လိုက်ပြန်လဲ ဇရာမရဏ ပါပါတယ်၊ ဩော်. . . သူတို့ကိစ္စက ဇရာမရဏ ပျက်စီးခြင်းကိစ္စပါလား. . . (မှန်ပါ့)၊ ရုပ်ကလေး ပျက်သွားတာလဲ ဇရာမရဏက ဖျက်ဆီးပစ်လိုက်တယ်၊ သဘောကျပလား. . . (ကျပါပြီ)။

## မှိုဥပမာ

လောကီဥပမာ ပြောကြပါစို့ဆိုရင် ဒကာ ဒကာမတို့ မြေထဲက ပေါက်လာတဲ့ မှိုကလေးဟာ မှိုထိပ်မှာ မြေမှုန့်ပါလာတယ်. . . (ပါပါတယ်ဘုရား)၊ ဘယ်သူယူလာတာတုံးလို့ မေးတဲ့အခါ မှိုယူလာတာလို့ ပြောရမယ်. . . (မှန်ပါ့)၊ မှိုထိပ်မှာပါတဲ့ မြေမှုန့် ဘယ်သူ ယူလာသလဲ. . . (မှိုယူလာတာပါ ဘုရား)။

မှိုက မြေထဲကထွက်တော့ မြေမှုန့်ယူလာတယ် ဒါဖြင့် သမင်ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တွေ မစားတောင်မှ ဒီမြေပိတာနဲ့ ဒီနေရာ ပြားပြီးပျောက်ရတယ်. . . (မှန်ပါ့)၊ မပျောက်ပေဘူးလား. . . (ပျောက်ပါတယ်)၊ အလိုလို ပျောက်တာလား၊ သူယူလာတဲ့မြေမှုန့်နဲ့ပဲ သူသည် ပျောက်ပျက်ရတာလား . . . (သူယူလာတဲ့မြေမှုန့်နဲ့ ပျောက်ပျက်ရတာပါ ဘုရား)။

## သူ့မြေမှုန့်နဲ့သူပျက်ရတယ်

ဒီမှာလဲ သူ့ဝေဒနာလေး ပေါ်လာတယ်၊ သူယူလာတဲ့ ဇရာမရဏ မြေမှုန့်နဲ့ သူပျက်ရတာ. . . (မှန်ပါ့)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)၊ သူယူလာတဲ့အိုမှု သူယူလာတဲ့သေမှုကြောင့် သူဘာဖြစ်ရသလဲ. . . (ပျက်ရပါတယ်ဘုရား)။

ဩော်. . . ဒါကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာ

ကြီးက ကိစ္စညာဏ် မသိမှာစိုးတာနဲ့ **'ဝိပရိဏာမဓမ္မောတိ ဇရာ မရဏာ စ ပရိဏာမိတဗ္ဗာ'** သူကဒီလိုဖွင့်လိုက်တာ. . . (မှန်ပါ့)။

ဝိပရိဏာမံ- ဝိပရိဏာမ လက္ခဏာဟူသည်ကား. . ဇရာစ- ဆွေးမြေ့ယိုယွင်း အိုမင်းတတ်သော ဇရာတရားကြီးကို ယူခဲ့ခြင်းကြောင့် လည်းကောင်း၊ မရဏာစ- ဖောက်ပြန်ပျက်စီး သေစေအောင် လုပ်တတ်သော မရဏာဆိုတဲ့ ပစ္စည်းကို သူယူခဲ့ခြင်းကြောင့် လည်းကောင်း၊ ဝေဒနာရှိတဲ့ ပုဂ္ဂိုလ် ဝေဒနာက ဇရာမရဏ စိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်ဟာ သူယူလာတဲ့ နှစ်ခုနဲ့ ဖောက်ပြန်ပျက်စီးသွားရတယ်. . . (မှန်လှပါဘုရား)၊ ဒါဖြင့် ကိစ္စအပေါ်မှာ သံသယရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## ဇရာ မရဏာကြောင့် သေရတယ်

သူယူလာတဲ့ ဇရာမရဏာကြောင့်. . . (သူသေရတယ်)၊ သူသေရတယ်ဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ သူသယ်လာတဲ့ မြေမှုန့်ကြောင့် သူသည် ပြားရရှာတယ် . . . (မှန်ပါ့ဘုရား)။

ဒီမှာတော့ ခန္ဓာကိုယ်ကြီးထဲမှာ ဒကာ ဒကာမတို့ မွေးပြီးကတည်းက ခေါင်းဆောင်းပြီး မွေးလာတယ်၊ ဘယ်သူက မသတ် သတ် သတ်၊ ဘယ်သူက အသက်ရှည်ရှည်၊ ကိုဝ သေလိုက်ရတာပဲ. . . (မှန်ပါ့ဘုရား)။

ဟ. . . ဘယ်သူယူလာတာလဲ မေးတော့ ခန္ဓာယူလာတာ၊ ဝေဒနက္ခန္ဓာဖြစ်လဲ ဝေဒနက္ခန္ဓာ ယူလာတာ၊ ဝိညာဏက္ခန္ဓာဖြစ်လဲ ဝိညာဏက္ခန္ဓာက ယူလာတယ်၊ သူယူလာတဲ့ လက်နက်နဲ့ သူဝိညာဏ်ချုပ်ရတယ်၊ သူပျက်စီးရတယ် ဖောက်ပြန်ပျက်စီးတော့ အလိုလိုပျက်စီးတာလား သူယူလာတဲ့ လက်နက်နဲ့ ပျက်စီးတာလား. . . (သူယူလာတဲ့ လက်နက်နဲ့ ပျက်စီးတာပါဘုရား)။

ဒါဖြင့် ဝေဒနာဟာ ဝေဒနာပေါ်ကတည်းက ဘာတွေယူလာသလဲဆိုတော့ ဇရာမရဏယူလာတယ်၊ ရင့်ဖို့ပျက်စီးဖို့. . . (မှန်ပါ)၊ သညာလေးပေါ်တော့ကော ဘာယူလာသတုံး. . . (ဇရာမရဏ ယူလာပါတယ်)၊ စိတ်ကလေး ပေါ်တော့ကော ဘာယူခဲ့သတုံး. . . (ဇရာမရဏယူခဲ့ပါတယ်ဘုရား)။

ဒါဖြင့် ဇရာမရဏကြောင့် ဖောက်ပြန်ပျက်စီးပြီး ပျောက်ပျက်သွားရတယ်ဆိုတော့ ဒကာ ဒကာမတို့ အလိုလိုပျောက်ပျက်တယ်ဆိုတဲ့ သဘောကော ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

## သိတဲ့ဉာဏ်သည်ကိစ္စဉာဏ်

အဲဒီလို သူ့ကိစ္စနှင့်တကွ ဇရာ မရဏ နှိပ်စက်ခြင်း

ကိစ္စကြောင့် ပျက်စီးသွားတယ်လို့ သိတဲ့ဉာဏ်သည် ကိစ္စ ဉာဏ်. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ဇရာ မရဏ ယူလာခြင်းကြောင့်၊ ဇရာ မရဏ နှိပ်စက်သောကြောင့်၊ ဝေဒနာပေါ် ဝေဒနာပျောက်တော့ အလိုလိုပျောက်တာလား ဒကာ ဒကာမတို့. . . (မဟုတ်ပါ)၊ သူယူလာတဲ့ ဇရာ မရဏ လက်နက်ကြောင့် ပျောက်ပျက်ရတာ. . . (မှန်ပါ့)။

## နှိပ်စက်ခြင်းကိစ္စသူယူလာတယ်

ဒါဖြင့် သူ့မှာ နှိပ်စက်ခြင်းကိစ္စ သူယူလာတယ် ပျောက်ပျက်ဖို့ကိစ္စ သူယူမလာဘူးလား. . . (ယူလာပါတယ်) ဒါဖြင့် ပျောက်ပျက်တဲ့ကိစ္စ သူယူလာသောကြောင့် သူမှာ သေဖို့ကိစ္စပါလာတယ်. . . (မှန်ပါ့ဘုရား)။

သူငယ်နာနဲ့ မွေးလာတဲ့ကလေး သူငယ်နာကလဲ ပြင်းထန်လိုက်တာဆိုတော့ အို. . . မွေးကတည်းက ဒီက လေးဟာ သူယူလာတာ၊ သူများကသတ်ဖို့ လိုသေးသလား . . . (မလိုပါဘူး)၊ သူယူလာတဲ့ ဝေဒနာနဲ့ ဒကာ ဒကာမတို့ သူ ဟာ သေပွဲဝင်ရတယ် သဘောပါပလား. . . (ပါပါတယ် ဘုရား)။

ဒီမှာလဲ ဘာလေး ပေါ်လာပေါ်လာ ဒကာ ဒကာမ တို့ သူယူလာတဲ့ ဇရာ မရဏ လက်ချက်နဲ့ သူပျောက်ပျက်

ရတယ် ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် အဲဒီလို သိတဲ့ဉာဏ် ဘာဉာဏ်လို့ခေါ်ကြမယ် . . . (ကိစ္စဉာဏ်ပါဘုရား)၊ အင်း. . . ဇရာ မရဏ ကိစ္စနဲ့ပဲ သူသည် ဝေဒနာပျောက်ရတယ်၊ စိတ်ပျောက်ရတယ် ဆိုတော့ ကိစ္စမသိဘူးလား. . . (သိပါတယ်)၊ သေခြင်းကိစ္စ သူပါလာတယ်ဆိုတော့ သေခြင်းကိစ္စ သိတဲ့ဉာဏ်ကတော့. . . (ကိစ္စဉာဏ်ပါဘုရား)။

## ဇရာမရဏကြောင့်ပျက်စီးတယ်

သေခြင်းကိစ္စ၊ အဲဒီ သေခြင်းကိစ္စကိုသိတဲ့၊ ဇရာမရဏကြောင့် သေရတယ်လို့ သိတဲ့ဉာဏ်ဟာ. . . (ကိစ္စဉာဏ်)၊ ကိစ္စဉာဏ်ဆိုတာ ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒီ ကိစ္စဉာဏ်နဲ့ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ ဇရာ မရဏကြောင့် ပျက်စီးတယ်၊ ဇရာ မရဏကြောင့် ပျက်စီးတယ်လို့ ရှုပေးပါ၊ ဝေဒနာ - ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ကလဲ ဒီအတိုင်းရှုပေး၊ သူ့ကိစ္စနဲ့သူ ပျက်စီးတာကိုလို့ရှုပေးပါ. . . (မှန်ပါ့)။

## ကိစ္စဉာဏ်ကခန္ဓာ၏ကိစ္စသိပြီ

ရှုလို့ ကိစ္စဉာဏ်ကလေးဟာ ခန္ဓာ၏ကိစ္စ သိပြီ၊ သိပါပြီ၊ မသိကြဘူးလား. . . (သိပါတယ်ဘုရား)၊ ခန္ဓာ၏ကိစ္စမှာ

ဇရာ မရဏက ပါတာချည်းပဲ၊ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

ဒါကြောင့် ပါဠိတော်ကြီးများမှာ ရုပ်၏ဇရာ၊ နာမ်၏ဇရာ၊ ရုပ်၏မရဏ၊ နာမ်၏မရဏကို အဘိဓမ္မာနည်းနဲ့ ဟောလိုက်တာတွေ နည်းတာတွေ မဟုတ်ဘူး၊ သူယူလာတာတွေ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ သူသည် သေခြင်းကိစ္စ ဒကာ ဒကာမတို့ သူယူလာတာ. . . (မှန်ပါ့)၊ အဲဒီကိစ္စက- ကိစ္စ၊ သိတဲ့ဉာဏ်က. . . (ဉာဏ်ပါဘုရား)၊ ပေါင်းလိုက်ရင်. . . (ကိစ္စဉာဏ်ပါဘုရား)၊ ကိစ္စဉာဏ်ဆိုတာသိပြီ ကိစ္စဉာဏ်ရတော့ ဦးဘရှင်းက ကြပ်ကြပ်ရှုပေး၊ စိတ်ကြိုက်ရင် စိတ်ရှု ကိစ္စဉာဏ်ရအောင်ရှုပေးပါ. . . (မှန်ပါ့ဘုရား)။

## ကိစ္စဉာဏ်တွေရင့်တက်လာတယ်

ရှုရာကနေပြီး သကာလ ဒကာ ဒကာမတို့ သူဟာ ပင်ကိုသဘောစွန့်တော့ ဝိပရိဏာမသဘော မရှိဘူးလား. . . (ရှိပါတယ်)။

ဩော်. . . ဒါဖြင့် ဉာဏ်က ရင့်ပြီးလာတဲ့အခါ ဝိပရိဏာမသဘောဖြင့် ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်းကြီးသိပြီ၊ ဖောက်ပြန်ပျက်စီးတဲ့ ကိစ္စမှတစ်ပါး ဘာမှ

မရှိဘူး. . . (မှန်ပါ့)၊ ဒီဝေဒနာကြီးဖြင့် သေသေချာချာ ကိုယ်ပိုင်ဉာဏ်၊ ကိစ္စဉာဏ်နဲ့ ရှုလိုက်တော့ လိုချင်စရာ ရချင်စရာ မရှိတဲ့သဘောတွေ ဉာဏ်တွေတက်မလာဘူးလား. . . (တက်လာပါတယ်ဘုရား)။

## ဝိပရိဏာမသဘောတွေပျောက်သွားတယ်

ဉာဏ်တွေ တက်လာတော့ ရင့်လာတော့ ဝိပရိဏာမသဘောတွေ ပျောက်သွားတယ်. . . (မှန်ပါ့ဘုရား)၊ ပျောက်သွားပြီး ဒီနေရာ ဘယ်သူ အစားထိုးသတုံးဆိုတော့ အဝိပရိဏာမ အစားထိုးတယ်. . . (မှန်လှပါဘုရား)။

## အဝိပရိဏာမအစားထိုးတယ်

ဒါလေးမှတ်စမ်းပါ၊ ဝိပရိဏာမ ပျောက်သွားတဲ့အခါ ဒီနေရာ ဘာအစားထိုးသတုံး. . . (အဝိပရိဏာမ အစားထိုးပါတယ်ဘုရား)၊ မဖောက်မပြန်တဲ့ နိဗ္ဗာန် အစားထိုးတယ် . . . (မှန်လှပါဘုရား)။

အရင်တုန်း ဉာဏ်က ဖောက်ပြန်တာလေးတွေ ကြည့်နေတယ်. . . (မှန်ပါ့)၊ နောက်ကျတော့ ဖောက်ပြန်တဲ့ သဘောတွေ မလိုချင်တဲ့အခါကျတော့ ဘာအစားထိုးလာသတုံး. . . (အဝိပရိဏာမ အစားထိုးလာပါတယ်ဘုရား)။

## အဝိပရိဏာမဆိုတာနိဗ္ဗာန်

အဝိပရိဏာမဆိုတာ နိဗ္ဗာန်၊ ဒါ နိဗ္ဗာန်အစားထိုးတယ်၊ ဖောက်ပြန်ပျက်စီးမှု ရှိသေးရဲ့လား. . . (မရှိပါဘူး)၊ အဲဒီလို နိဗ္ဗာန် အစားထိုးလာတာကို မြင်လိုက်တဲ့အခါကျတော့ အဲဒီဉာဏ်ကတော့ ကတဉာဏ်၊ အဲဒါ သောတာပန်တည်တာပဲ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိစ္စဉာဏ် ရင့်သန်ရင် ဘာဉာဏ်လာမလဲ. . (ကတဉာဏ် လာပါမယ်ဘုရား)။

## ဖောက်ပြန်ပျက်စီးမှုမရှိတာ

ကိစ္စဉာဏ်သည် ဝိပရိဏာမ ကိစ္စတွေ ပျောက်သွားလို့ရှိရင် ဒကာ ဒကာမတို့ ဝိပရိဏာမ ကိစ္စတွေ ကိုယ့်ခန္ဓာကိုယ်မုန်း၊ ကိုယ့်ခန္ဓာကိုယ်မလိုချင်တဲ့အခါကျတော့ မပျောက်ပေဘူးလား. . . (ပျောက်ပါတယ်ဘုရား)၊ ဒီနေရာဘယ်သူ အစားထိုးသတုံး. . . (အဝိပရိဏာမ အစားထိုးပါတယ်ဘုရား)။

အဝိပရိဏာမဆိုတာ ဖောက်ပြန်ပျက်စီးမှုမရှိတာ အဲဒါ ဘာပါလိမ့်. . . (နိဗ္ဗာန်ပါဘုရား)၊ ဖောက်ပြန်ပျက်စီးမှု ရှိတာက ရုပ်နာမ်၊ ဖောက်ပြန်ပျက်စီးမှု မရှိတာက ဘာပါလိမ့် . . . (နိဗ္ဗာန်ပါဘုရား)၊ အဲဒီလို ဉာဏ်က ကူးသွားပါလိမ့်မယ်။

## ကတညာဏ်

ကူးသွားတဲ့ ဉာဏ်ကျတော့ မောင်နိုင် ဘာဉာဏ်လို့ ခေါ်ကြမယ်. . . (ကတညာဏ်ပါဘုရား)၊ ကတညာဏ်ဆိုတော့ ကတညာဏ်ဆိုတာ ဒကာ ဒကာမတွေ ငါသည် ကြည့်စရာ ကုန်ပြီ၊ ဖောက်ပြန်တာတွေ ကြည့်နေရတာက အခုတော့ ဖောက်ပြန်ပျက်စီးမှု မရှိတာချည်း မြင်ရပြီဆိုရင် ခင်ဗျားတို့ ရပ်လိုက်တော့။

## သောတာပန်တည်တယ်

အဲဒါ သောတာပန် တည်တာပဲဆိုတာ ရိပ်မိကြ ပလား. . . (ရိပ်မိပါပြီ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

**နာရီက စေ့သွားပြီ၊ နက်ဖြန်မှ ဟောကြစို့။**

သာဓု၊ သာဓု၊ သာဓု